မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်၊ ၂၀၀၅ ခုနှစ်၊ ဩဂုတ် ၃၀ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၂)၊ အမှတ်(၃၃၁)

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပသော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂၃)ဖွင့်ပွဲအခမ်းအနားတွင် သင်တန်းဖွင့် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပဖိအားပေးအကျပ်ကိုင်မှုများကို ကြိုးပမ်းတွန်းလှန်ရင်း ဖွံ့ဖြိုးရေးဆိုင်ရာအခြေခံအဆောက်အအုံများပြည့်စုံရေး ပြည်သူ့အားကိုရယူပြီး ကြိုးပမ်းလျက်ရှိ စည်းလုံးညီညွတ်သော ပြည်ထောင်စုကြီးအဖြစ် ကမ္ဘာတည်သရွေ့အစွန့်ရှည်တည်တံ့ခိုင်မြဲရေး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များနှင့်အတူ အမျိုးသားရေးတာဝန်များကျေပွန်စွာထမ်းဆောင်

ရန်ကုန် ဩဂုတ် ၂၉

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၂၃)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

မိမိနိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ခိုင်ခိုင်မာမာတည်ဆောက်မထားနိုင်ခဲ့လျှင်၊ တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ်အခြေခံများ ရင့်ကျက်ခိုင်မာအောင် စည်းရုံးဆောင်ရွက် မထားနိုင်ခဲ့လျှင် မည်သည့်နိုင်ငံရေးစနစ် ထူထောင်သည်ဖြစ်စေ တိုင်းပြည်သည် ရေရှည်တွင် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်မည်မဟုတ်ဘူးဆိုသည်ကိုလည်း သမိုင်းကြောင်းက သက်သေပြနေ။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့အာဘော်
(၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

ပြည်တွင်းပြည်ပ အဖျက်သမားများအား အမျိုးသားရေးသတိ၊ လုံခြုံရေးအသိဖြင့် တွန်းလှန်ဖယ်ရှား

နိုင်ငံတစ်နိုင်ငံ၏ အခြေခံအကျဆုံးလိုအပ်ချက်သည် ထိုနိုင်ငံထာဝရအဓွန့်ရှည်တည်တံ့ခိုင်မြဲရေးပင်ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးကို ဟန့်တားနှောင့်ယှက်နေကြသည့် အဖျက်သမားများကို ဤမြေ ဤရေတွင် မွေးဖွားပြီး အတူတကွ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး နေထိုင်လာခဲ့ကြသည့် တိုင်းရင်းသားပြည်သူများ၏ စည်းလုံးမှုညီညွတ်မှုအင်အားဖြင့် ဟန့်တားတွန်းလှန်သွားကြရမည်ဖြစ်သည်။

ယနေ့ မျက်မှောက်ကာလတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်မှုများကို ပြည်ပက မလိုလားသူအချို့၊ ပြည်တွင်းရှိ မလိုလားသူအချို့နှင့် ၎င်းတို့၏လက်ဝေခံများသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို ထိပါးခြိမ်းခြောက်ခြင်း၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ကိုင်ခြင်း၊ ဆူပူအုံကြွမှုများဖြစ်စေရန်ဖန်တီးခြင်း စသည်တို့ ပြုလုပ်နေကြသကဲ့သို့ နိုင်ငံတကာအသိုင်းအဝိုင်းက ဝိုင်းပယ်စေရန် မဟုတ်မမှန်လုပ်ဇာတ်ခင်းပြီး အမျိုးမျိုးလုပ်ကြံဖန်တီးနေကြသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဩဂုတ်လ ၂၈ ရက်နေ့က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက အကြမ်းဖက်အဖျက်သမားအဖွဲ့များက ပြည်တွင်းမငြိမ်မသက်ဖြစ်စေရန်နှင့် လူထုအုံကြွမှုဖြစ်စေရန် ကြံစည် လုပ်ဆောင်မှုများ၊ ပြည်တွင်းပြည်ပ အကြမ်းဖက်အဖျက်သမားအဖွဲ့များအပေါ် နိုင်ငံတော်က ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ယနေ့ကျင့်သုံးနေသော သတင်းထုတ်ပြန်မှု အခြေအနေသဘောထားများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ(၆/၂၀၀၅)ကျင်းပပြီး ရှင်းလင်းပြောကြားခဲ့ပေသည်။

အကြမ်းဖက်အဖျက်သမားများဖြစ်သော ပြည်ပြေးစိန်ဝင်းဦးစီးသည့် NCGUB၊ မောင်မောင်(ခ) ပြည်သစ်ညွန့်ဝေဦးစီးသည့် FTUB၊ သံခဲဦးစီးသည့် ABSDF နှင့် ရွက်ဆစ်ဦးစီးသည့် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA-S)အဖွဲ့များသည် ရက်စက်ယုတ်မာသော အကြမ်းဖက်လုပ်ရပ်များ၊ လူမဆန်သော ကောက်ကျစ်စဉ်းလဲသည့် လုပ်ရပ်များ၊ အဖျက်အမှောင့်လုပ်ရပ်များ၊ ပြည်ထောင်စုပြိုကွဲစေမည့် လုပ်ရပ်များကို ပြည်တွင်းရှိ ပုဆိန်ရိုးများနှင့် အတိုင်အဖောက်ပြုလုပ်၍ အဖျက်လုပ်ရပ်များ၊ သွေးထိုး သပ်လျှိုမှုများ၊ မဟုတ်မမှန် လုပ်ကြံသတင်းများဖန်တီးပြီး မြေပေါ်၊ မြေအောက်၊ ပြည်ပြေးတိုက်ကွက်များသုံးကာ အဖျက်လုပ်ရပ်များကို လုပ်ဆောင်လာခဲ့ပေသည်။

ယင်းလုပ်ရပ်များအနက် အားလုံးနီးပါးကို နိုင်ငံတော်အနေဖြင့် ကြိုတင်ကာကွယ်တားဆီးချေမှုန်းပစ်နိုင်ခဲ့ကြောင်း သိရှိရပေသည်။ ယင်းသို့ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ဖြစ်ပေသည်။

တစ်ဆက်တည်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB)၊ မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်(FTUB)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)(SSA– S) (ရွက်ဆစ်အဖွဲ့)၊ ယင်းအဖွဲ့အစည်းများ၏အဖွဲ့ဝင်များ၊ ယင်းအဖွဲ့များနှင့်ဆက်နွယ်သည့် အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၏ ရည်ရွယ်ချက်နှင့်လုပ်ရပ်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးတို့ကို အနှောင့်အယှက်အန္တရာယ်ပြုရန်ဖြစ်သည်ဟု ယုံကြည်ယူဆကာ အဆိုပါအဖွဲ့များကို ပြည်ထဲရေးဝန်ကြီးဌာနက ဩဂုတ်လ ၂၈ ရက်နေ့စွဲဖြင့် မတရားအသင်းအဖြစ် အမိန့်ကြော်ငြာစာများထုတ်ပြန် ကြေညာခဲ့ပြီး ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်၍ ရေရှည်တည်တံ့ခိုင်မြဲစေရန်၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်နေချိန်တွင် ပြည်တွင်းပြည်ပအဖျက်သမားများ၊ ပြည်ပအားကိုးပုဆိန်ရိုးများ၊ ကိုလိုနီလက်သစ်များ၏ မဟုတ်မမှန်လုပ်ကြံမှုများ၊ နိုင်ငံတော်ပျက်စီးစေရန် ကြံစည်မှုများ၊ အဖျက်လုပ်ရပ်များကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးသတိ၊ လုံခြုံရေးအသိ အစဉ်ထားရှိပြီး တွန်းလှန်ဖယ်ရှားသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဝင်များ မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များအား လှည့်လည်စစ်ဆေး

ရန်ကုန် ဩဂုတ် ၂၉

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဝင် စစ်ဆေးကြပ်မတ်ရေးအဖွဲ့ခေါင်းဆောင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် ကော်မတီဝင်များဖြစ်ကြသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင်လည်းကောင်း၊ ကော်မတီဝင်စစ်ဆေးကြပ်မတ်ရေးအဖွဲ့ခေါင်းဆောင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ဒုတိယအဖွဲ့ခေါင်းဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေးတို့သည် ကော်မတီဝင်များဖြစ်ကြသော တပ်မတော်တပ်ထိန်းချုပ် ဗိုလ်ချုပ်စောလှ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ယမန်နေ့ညနေပိုင်းတွင်လည်းကောင်း မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက ရန်ကုန်မြို့၏ အချက်အချာကျသောနေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။ (အပေါ်ပုံ)

စစ်ဆေး

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့ဖြစ်သော ယမန်နေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ် မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာတပ်၊ ဌာနများ၏မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass) ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)တို့ ပါရှိခြင်း ရှိ–မရှိနှင့် ဌာနဆိုင်ရာ ဝတ်စုံများဝတ်ဆင်ခြင်း ရှိ–မရှိတို့ စစ်ဆေးကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၃၀–၈–၂၀၀၅(အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှာဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄း၂၅	၅။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅	၇။	မျိုးချစ်တပ်မတော်
၅း၀၀	၈။	အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Graphical Presentation. (ပထမနှစ်–စီးပွားရေးပညာ)
၅း၂၅	၉။	ပညာခေတ်
၅း၄၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	မိုးလေဝသသတင်း
၆း၂၅	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပုံ့သာပုံ့ပါ ထက်အာကာ"** (အပိုင်း–၁)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	ကျန်းမာသုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နှင်းနဂါးသိုင်း"**(အပိုင်း–၂၁)

ဩဂုတ် ၂၀ ရက်က အလက(၈) လှိုင် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် Grade (1) မှ Grade (5)ထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မဆုပြည့်စုံအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ခင် ဆုချီးမြှင့်စဉ်။ (က–ပ)

သတင်းမှန်လား၊ အတင်း – အဖျင်း – နယ်ချဲ့ အပင်းလား အမျိုးသားရေး မှတ်ကျောက်ပေါ် တင်ကြည့်ပါ

လေပြင်းမုန်တိုင်းကို ဆိုင်ကလုံး၊ တိုင်ဖုန်း၊ ဟာရီကိန်း စသည်ဖြင့် ဒေသအလိုက် နာမည်ပေးထားကြသည်။အမေရိကတိုက် အလယ်ပိုင်း၊ မြောက်ပိုင်း စသည်တို့တွင် တိုနေဒိုခေါ် လေဆင်နှာမောင်း တိုက်လေ့ရှိသည်။ အခေါ်အဝေါ်၊ အသုံးအနှုန်း ကွဲပြားသော်လည်း ထိုလေပြင်းမုန်တိုင်းများ တိုက်ခိုက်မှုကြောင့် မြို့၊ ရွာဒေသများ၊ လူနေအိမ်ခြေများ၊ စိုက်ခင်းများ၊ လမ်းပန်းအဆက်အသွယ်များ ပျက်စီး ပြတ်တောက်သွားလေ့ ရှိသည်။ လူအများသေကျေ၊ ပျောက်ဆုံး၊ ဒဏ်ရာရကြသည်။ ထို့ကြောင့် ဖျက်အားပြင်းသော လေအမျိုးအစားအဖြစ် လေပြင်းမုန်တိုင်းများကို လူသားတို့က မလိုလားကြချေ။

လေဟူသည် အမုန်စင်စစ် နှစ်လိုဖွယ် ဖြစ်သင့်ပေသည်။ လေပြည်လေညင်း၊ လေနုအေးတို့သည် လူတို့ကို အေးမြလန်းဆန်းစေသည်။ လေညင်းထက်ပို၍ တိုက်အား အသင့်အတင့်ပြင်းသော လေသည်ပင် အဝတ်စိုများ၊ သီးနှံစိုများ စသည်တို့ကို ခြောက်သွေ့စေသည်။ ရွက်လှေ၊ ရွက်သင်္ဘောများကို လိုရာရောက်စေနိုင်သည်။ လေတွင် ပါဝင်သော အောက်ဆီဂျင်ဓာတ်သည် လူတို့ အသက်ရှင်သန်ရေးအတွက် မရှိမဖြစ် လိုအပ်ပြန်သည်။ ခန္ဓာကိုယ်အတွင်းမှာပင် သွေး၊ လေ ညီညွတ်မျှတနေရပေသည်။ လူတို့အား အကျိုးပြုလေ့ရှိသော လေရှိသကဲ့သို့ လူတို့အား ထိခိုက်သေကျေ ပျက်စီးဆုံးရှုံးစေသော လေပြင်းလေကြမ်း လေမုန်တိုင်းများ ရှိနေသည်ကိုလည်း ခွဲခြားသိနေကြပေသည်။

လေက လူတို့ကို အကျိုးပြုသည့် သာဓကမှာ များပြားလှပေသည်။ အသက်ရှင်သန်ရန် အသက်ရှူနေရခြင်းသည် လေ၏ အကျိုးပြုမှု ထင်ရှားသော သာဓကဖြစ်ပေသည်။ အစိုများကို ခြောက်သွေ့စေခြင်း၊ ဥတုရာသီ တိုင်းထွာခြင်း၊ ခရီးသွားမှုတွင် လေကိုအားပြုရခြင်း၊ လေထုအတွင်းမှ သယံဇာတ သဘာဝဓာတ်ပစ္စည်းများ ထုတ်ယူရခြင်း၊ ပူအိုက်မှုကို သက်သာအေးမြစေခြင်းစသည် စသည်ဖြင့် များလှပေသည်။ ရေဒီယို လေလှိုင်းမှ တေးသံသာများ၊ သတင်းမှန်များ၊ ပညာဗဟုသုတများကို လူတို့လိုလား နှစ်ခြိုက်နားထောင်ကာ စိတ်၏ဖြေဖျော်မှုရသည်။ သတင်းအသိရသည်။ ဗဟုသုတတိုး၍ တွေးခေါ်မြော်မြင်မှု တိုးတက်မြင့်မားရေးကို ထောက်ကူသည်။

ယခု ရက်ပိုင်း၊ လပိုင်း နိုင်ငံခြားသတင်းများတွင် လေပြင်းမုန်တိုင်း၊ အပူပိုင်းမုန်တိုင်း၊ ဆိုင်ကလုံး၊ ဟာရီကိန်း၊ တိုင်ဖုန်း၊ တိုနေဒိုတို့တိုက်ခတ်၍ လူသေ၊ ပျောက်ဆုံး၊ ထိခိုက်သတင်း၊ အိုးအိမ်၊ တိုက်တာ၊ စိုက်ခင်း၊ လမ်းပန်း၊ ဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားပြတ်တောက်သော စိတ်မချမ်းမြေ့ဖွယ် အနိဋ္ဌာရုံ သတင်းဆိုးများ ကြားရသည်။ သဘာဝအလျောက် ဖြစ်လာသော မုန်တိုင်းများကို လူတို့မတားနိုင်ကြ။ မလွဲမရှောင်သာ ခံနေကြရပေဦးမည်။ သဘာဝပတ်ဝန်းကျင် ပျက်စီးစေမှု၊ ဖန်လုံအိမ်အာနိသင် အပူဓာတ်တိုးလာ စေသည့် ကာဗွန်ထုတ်လုပ်မှုများသော စက်မှုလုပ်ငန်းများ မထိန်းချုပ်မှု၊ နျူကလီးယားလက်နက်များ စမ်းသပ်ဖောက်ခွဲမှု စသည်တို့ကြောင့် ဥတုရာသီ ပျက်ပြားခြင်းများမှာမူ လူ့ပယောဂကြောင့်ဖြစ်ရသဖြင့် ဆင်ခြင်ပြုပြင်အပ်ပေသည်။

လေလှိုင်းကို အသုံးပြုပြီး ရေဒီယိုအသံလွှင့်ခြင်း၊ ရုပ်မြင်သံကြားလွှင့်ထုတ်ခြင်းတို့သည် လူတို့အသုံးပြုသော အကျိုးပြုလေလှိုင်းကို ဖြစ်ပေါ်စေနိုင်သကဲ့သို့ လူသားတို့အကျိုးကို ဖျက်ဆီးဟန့်တားနှောင့်ယှက်နိုင်စွမ်းလည်း ရှိပေသည်။ ဤလုပ်ရပ်များမှာ လေထုကို အဆိပ်ခတ်ခြင်း၊ လေလှိုင်းကို မသမာနည်းဖြင့် အသုံးပြုခြင်း၊ ကျူးကျော်ခြင်း၊ အနိဋ္ဌာရုံများ ဖန်တီးခြင်းသာ ဖြစ်သည်။ သဘာဝအလျောက် ဖြစ်ပေါ်လာသည့် လေပြင်းမုန်တိုင်းဒဏ်ကို လူသားတို့မလွဲမရှောင်သာ ခံနေကြရသည်။ လူ့ပယောဂဖြင့် ဖန်တီးလာသောအဖျက်အမှောင့်လေလှိုင်းထဲမှ အဆိပ်များသည် လေပြင်းမုန်တိုင်းထက်ပင် ဆိုးကျိုးပေးတတ်သဖြင့် ဂရုစိုက်အပ်ပေသည်။

ရေဒီယို၊ ရုပ်မြင်သံကြား၊ စာနယ်ဇင်း စသည့် မီဒီယာများသည် ပညာပေးရန်၊ သတင်းပေးရန်၊ ဖြေဖျော်မှုပေးရန် စတင်ပေါ်ပေါက်လာသော ပစ္စည်းများ ဖြစ်ပေသည်။ အထူးသဖြင့် သတင်းမှန်ပေးရန် နိုင်ငံတကာမှ စေတနာရှင် သတင်းဝါသနာအိုးများ တီထွင်ယူခဲ့သော မီဒီယာများ ဖြစ်ပေသည်။ သတင်းကို လူတို့အာရုံပြုမိစေရန် အဆို၊

တက္ကသိုလ် မြတ်သူ

အတီး၊ အက၊ သရုပ်ဆောင်မှု အလှအပများဖြင့် ဆွဲဆောင်ဖြေဖျော်ခဲ့ကြသည်။ သတင်းဖြင့်လည်းကောင်း၊ သုတဖြစ်ဖွယ်များဖြင့်လည်းကောင်း ပညာပေးသည်။ သတင်းအသိပေးသည်။ လူတို့ဉာဏ်ပညာ၊ အတွေးအမြင် မြင့်မားတိုးတက်စေသည်။

“သတင်း”ဟူသော စကားလုံး(ဝေါဟာရ)၏ အဓိပ္ပာယ်ကို အဘိဓာန်များ၊ သတင်းစာပညာကျမ်းများ၌ “မကြာမတင်က ဖြစ်ပွားပြီး လူတို့မသိသေးသော၊ သိရန်လည်းလိုအပ်သည့် ဖြစ်ရပ်မှန်များဖြစ်သည်”ဟု ဖွင့်ဆိုကြသည်။ မကြာမီက ဖြစ်ပျက်ခဲ့ရမည်။ လူတို့လည်း မသိကြသေး။ သိရန်လည်း လိုအပ်သည် စသည့် အချက်များနှင့်ညီညွတ်မှ လူအများသို့ ဖြန့်ချိ အသိပေးသင့်သော အကြောင်းအရာ၊ အခြင်းအရာ၊ အဖြစ်အပျက်များသာ သတင်းဖြစ်သည်။ သတင်းကို ဖြန့်ချိရမည်ဆိုရာတွင် နိုင်ငံတကာ မူလသတင်းစာပညာ အလိုအရ (၁) ထိုသတင်းသည် မှန်ရမည်၊ အတည်ပြုပြီး၊ စိစစ်ပြီးဖြစ်ရမည်။ (၂) အချိန်မီ လူထုထံအမြန်ဆုံးတင်ပြရမည်။ (၃) သတင်းကို သတင်းအတိုင်း မှန်ကန်မျှတစွာ တင်ပြရမည်။ မိမိအာဘော်၊ ဝေဖန်ချက်၊ စေတနာ၊ ဆန္ဒ၊ သဘောထားအမြင်များ သတင်းအဆင့်တွင် မရောယှက်ရ၊ နောက်မှ သတင်းဝေဖန်ချက်၊ သတင်းဆောင်းပါး၊ သတင်းနှင့်မှတ်ချက်၊ အယ်ဒီတာ့အာဘော် (သတင်းစာခေါင်းကြီးပိုင်း)တို့ဖြင့် တင်ပြနိုင်သည်။

သတင်းကို တင်ပြရသောနည်းလမ်း၊ ပညာရပ်၊ အတတ်တို့ကို ခြုံငုံ၍ သတင်းစာပညာ(Journalism)ဟု ခေါ်သည်။ သတင်းသမားများ သတင်းတင်ပြရာ၌ လိုက်နာရသော သတင်းစာ(စာနယ်ဇင်း)ကျင့်ဝတ်နီတိများကို ကမ္ဘာ့နိုင်ငံများနှင့် မြန်မာနိုင်ငံတို့တွင် ရှေးကရိုးသား ဖြူစင်သည့် သတင်းစာဆရာကြီးများက တွေးဆ၊ ဆင်ခြင်၊ မြော်မြင်၊ တိုင်းထွာ သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ သတင်းကို အမှန်အတိုင်း ခိုင်လုံစွာ အတည်ပြုစိစစ်ပြီးမှ ဖော်ပြရမည်။ မိမိ အာဘော်သတင်းတွင် မပါစေရ၊ ဘက်မလိုက်ရ။ ကိုယ်ကျိုးစီးပွား၊ တံစိုးလက်ဆောင်နောက် လိုက်ပါခြင်းမရှိဘဲ မှန်ကန်မျှတစွာ တင်ပြရမည်စသည်တို့ ဖြစ်ပေသည်။ သတင်းဖြန့်ချိသောလုပ်ငန်းများကို နောင်စီးပွားရေးအမြတ်အစွန်း ရလိုမှုဝိသမလောဘများ၊ နိုင်ငံရေး အသွေးအရောင် ပယောဂလွှမ်းလာသော မသမာဝါဒဖြန့်မှုများ ဝင်ရောက်လွှမ်းမိုးလာသောအခါ မြတ်စွန်းရေးသက်သက်အတွက် ကာမရာဂမြှူဆွယ်သော လုပ်ရပ်များပေါ်လာသည်။ ယင်းကို Yellow Journalism အဝါရောင် သတင်းစာပညာဟု ဆိုကြသည်။ အဖြူရောင် စင်ကြယ်သော သတင်းစာပညာမှ သွေဖည်သွားသည်ဟု ဆိုလိုပေသည် သူတစ်ပါး၏ လွတ်လပ်စွာနေထိုင်မှုကို ချိုးဖောက်ပြီး သူတစ်ပါး ကိုယ်ရေးကိုယ်တာများကို ခိုးကြောင်ခိုးဝှက် ဓာတ်ပုံရိုက်၊ သတင်းရေးသူများကို အနောက်နိုင်ငံများတွင် (Paparazi)ပါပါရာဇီများဟု ခေါ်သည်။ အောက်တန်းစား သတင်းဂျပိုး(ကြမ်းပိုး)များ ဖြစ်သည်။

သတင်းသည် ဖြစ်ရပ်မှန်ကိုဆိုလိုပေသည်။ ယင်းသတင်းမှန်၏ ဆန့်ကျင်ဘက်မှာ မုသား၊ လီဆယ်၊ လုပ်ကြံဖန်တီး မှိုင်းတိုက်သော ကောလာဟလများပင် ဖြစ်သည်။ မမှန်သတင်း၊ အမှန်ကိုဖုံးကွယ်၊ အမှားသတင်း၊ လိမ်ညာဖန်တီး သပ်သွင်းသော သတင်းများကို အနက်(အမည်း)ရောင် မှိုင်းမီးခိုးသတင်းများဟု ဆိုရပေမည်။ ယင်းမုသားသတင်းများဖြင့် လူတို့ကို လမ်းမှားပို့ရန် မှိုင်းတိုက်သော သတင်းလုပ်ရပ်များကို အနက်(အမည်း)ရောင် အမှောင် သတင်းစာပညာရပ်(Black Journalism)ဟု ခေါ်တွင်ပေသည်။ သတင်းများ လူတို့အား သိစေသောလုပ်ငန်းကို ပြန်ကြားရေးလုပ်ငန်းရပ်(Information)ဟု ဆိုပေသည်။ သတင်းမှန်မပြန်ကြားဘဲ သတင်းမှားများ ပြန်ကြားလွှင့်ထုတ်ခြင်းကို ပြောင်းပြန် ဓောက်ထိုးပြန်ကြားရေး (Disinformation)ဟု ခေါ်ကြပေသည်။

မီဒီယာလောကတွင် ဝင်ငွေရရှိသည်။ အောင်မြင်တွင်ကျယ်လေ ဝင်ငွေကောင်းလေ ဖြစ်သည်။ ကြော်ငြာခသည် ဝင်ငွေကိုတောင်လိုမောက်စေသည်။ ထို့ကြောင့် အနောက်စာနယ်ဇင်းများတွင် ငွေရှင်ကြေးရှင် သူဌေးကြီးများ ငွေလုံးငွေရင်းဖြင့် ရင်းနှီးမြှုပ်နှံလာကြသည်။ သတင်းစာ လက်ဝါးကြီးအုပ် သူဌေးကြီးတစ်ဦး၊ သို့မဟုတ် စုပေါင်းလုပ်ငန်းတစ်ခု လက်တွင် သတင်းစာ၊ ဂျာနယ်၊ သတင်းမဂ္ဂဇင်း၊ ရေဒီယို၊ရုပ်မြင်သံကြားလုပ်ငန်း တစ်ရာ၊ နှစ်ရာစီ ရှိကြသည်။ ထိုသူဌေးကြီးများက မိမိတို့အဖို့ ငွေစက္ကူလုပ်သော စက်ရရှိထားသလိုပါပဲဟု ပြောလေ့ရှိသည်။

ဒုတိယကမ္ဘာစစ်တွင် ဂျာမနီမှ နာဇီပါတီ ခေါင်းဆောင် အာဏာရှင် ဟစ်တလာသည် ဗြိတိသျှတို့နှင့် ရေဒီယိုဝါဒဖြန့်စစ်ထိုးခဲ့သည်။ ဟစ်တလာသည် ကလိမ်ကကျစ် နည်းစုံသုံးပြီး ရေဒီယိုလက်နက်သုံးကာ ဗြိတိန်၊ ပြင်သစ်၊ ဒတ်ချ် စသည့် ဥရောပနယ်ချဲ့နိုင်ငံ လက်ဟောင်းကြီးများကို ဝါဒဖြန့် အနိုင်ယူခဲ့သည်။ ဗြိတိသျှတို့ ကျောကော့အောင် ခံခဲ့ရသည်။ သတင်းမှန်ချေဖျက်နည်း၊ သတင်းလိမ် မှိုင်းတိုက်နည်း၊ သတင်းအပင်း သွင်းနည်းများဖြင့် ဥရောပတစ်ခွင် သိမ်းပိုက်နိုင်ခဲ့သော ဟစ်တလာသည် ဆိုဗီယက်နှင့် အမေရိကန်တို့ ပူးပေါင်း တိုက်ခိုက်မှုကြောင့်သာ စစ်ပွဲရှုံးနိမ့်သွားခဲ့ရသည်။ ဝါဒဖြန့်ကလိမ်အရာမှာ ပါရဂူမြောက်သည်ဟု မှတ်တမ်းတင်ခံခဲ့ရသည်။

ဒုတိယကမ္ဘာစစ်အပြီး အမေရိကန်နှင့် အနောက်ဥရောပတို့ ပူးပေါင်းကာ ဆိုဗီယက်နှင့် အရှေ့ဥရောပ ဆိုရှယ်လစ်နိုင်ငံများအား စစ်အေးတိုက်ပွဲ ဆင်နွှဲရာ၌ အနောက်အုပ်စုသည် ဟစ်တလာ၏ ကလိမ်ကကျစ် ဝါဒဖြန့်နည်းများကို ပုံတူကူးကာ ဟစ်တလာ့

စာမျက်နှာ ၅ ကော်လံ ၁ သို့

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းတည်ငြိမ် ဖွံ့ဖြိုးတိုးတက်နေသော အရှိန်၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး အဟုန်တို့ကို ထိုအဖျက်အမှောင့်များက မဟန့်တားနိုင်ပါပေ။ ဘီဘီစီ၊ဗွီအိုအေ၊ အာရ်အက်ဖ်အေ ကဲ့သို့သော နယ်ချဲ့မီဒီယာများနှင့် လက်ဝေခံတစ်ဆင့် ဝါဒဖြန့်ဘေးတီးနေသော ပြည်တွင်းပြည်ပ အဖျက်သမားများသည် ပြည်သူတို့၏ ဘုံရန်သူများသာ ဖြစ်ကြောင်း။

အရှေ့မြောက်အာရှ ကုန်သွယ်ရေးပြပွဲ တရုတ်နိုင်ငံတွင် စက်တင်ဘာလ၌ ကျင်းပမည်

ချန်ချွမ် ဩဂုတ် ၂၉

နိုင်ငံပေါင်းစုံမှ ထိပ်တန်းစီးပွားရေးလုပ်ငန်း ၅၀၀တို့သည် လာမည့် စက်တင်ဘာလ ၂ ရက်မှ ၆ ရက်အထိ တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း တွင် ကျင်းပမည့် အရှေ့မြောက်အာရှ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးဆိုင်ရာ ပြပွဲတွင် ပါဝင်ပြသကြမည်ဖြစ်ကြောင်း အဆိုပါ ပြပွဲဖြစ်မြောက်ရေးကော်မတီက ဩဂုတ် ၂၆ ရက် သောကြာနေ့၌ ပြောကြားလိုက်သည်။

ပြသ

ထိုပြပွဲတွင် နိုင်ငံ ၁၀ နိုင်ငံမှ ဂျင်နရယ်မော်တာ၊ ဆီးမင်း၊ ဒတ်ချ်ရှဲလ် ရေနံကုမ္ပဏီနှင့် ဝဲလ်မတ်ကဲ့သို့သော နာမည်ကြီးစီးပွားရေးလုပ်ငန်းများ အများအပြားပါဝင် ပြသကြမည်ဖြစ်သည်။ ထို့အပြင် ယခုပြပွဲတွင် အဓိကအားဖြင့် စက်မှုဆိုင်ရာ ကဏ္ဍများနှင့် အထူးသဖြင့် မော်တော်ယာဉ်၊ အီလက်ထရွန်းနစ်နှင့် ရေနံဓာတုလုပ်ငန်းကဏ္ဍ ၁၃ ခုကို မိတ်ဆက်ပေးခြင်းဖြစ်ကြောင်း အဆိုပါပြပွဲမှ အရာရှိတစ်ဦးဖြစ်သူ လျူဟောယန်က ပြောကြားသည်။

ကျင်းပ

ယခု ပြသသည့် ကုန်စည်ပြပွဲ၏ ဆောင်ပုဒ်ကိုလည်း ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ အပြန်အလှန်အခွင့်အရေးများ ရရှိနိုင်ရေးဟု ပေးထားပြီး တရုတ်နိုင်ငံ ကျီလင်ပြည်နယ်၏ မြို့တော်ချန်ချွမ်မြို့တွင် ကျင်းပမည်ဖြစ်သည်။ ယင်းပြပွဲကို တရုတ်စီးပွားရေးဝန်ကြီးဌာန၊ တရုတ်နိုင်ငံ အရှေ့မြောက် ပြည်နယ်ကောင်စီ လက်အောက်မှ အဖွဲ့အစည်းနှင့် ကျီလင်ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့တို့က တာဝန်ယူ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ

ကျေးလက် သုတရေးရာဌာနများ ထူထောင်ရန် အိန္ဒိယသမ္မတ အဗ္ဗဒူလ်ကလမ် ပြောကြား

နယူးဒေလီ ဩဂုတ် ၂၈

ကျေးလက်နေ ပြည်သူများ ယုံကြည်မှုတည်ဆောက်နိုင်သူများ ဖြစ်လာပြီး လုပ်ပိုင်ခွင့်များတိုးပွားလာစေမည့် ကျေးလက်သုတရေးရာဌာနများ ထူထောင်ပေးရန် အိန္ဒိယသမ္မတ အေ-ပီ-ဂျေအဗ္ဗဒူလ်ကလမ်က ဩဂုတ် ၂၇ ရက်၌ ပြောကြားလိုက်သည်။

ဗဟုသုတ

အိန္ဒိယနိုင်ငံ၌ ကျေးရွာကောင်စီ ၂၃၀၀၀၀ နီးပါးရှိကြောင်း၊ ထိုကျေးရွာကောင်စီများ၌ ကျေးလက်နေ ပြည်သူများ အသိအမြင် ဗဟုသုတ တိုးပွားလာစေရန် ရည်ရွယ်လျက် ကျေးလက် ဗဟုသုတ တိုးပွားရေးဌာနများ ထူထောင်သွားရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အခွင့်အလမ်း

အဆိုပါ ဌာနများသို့ လိုအပ်သောစာအုပ်များ ဆက်လက်ထူထောင်ပေးမည်ဖြစ်ကြောင်း၊ စာဖတ်သည့် အလေ့အထမှ ဗဟုသုတများ တိုးပွားစေမည်ဖြစ်ကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်းများဖြစ်ပေါ်စေလိမ့်မည်ဖြစ်ကြောင်း ကလမ်က (၁၁)ကြိမ်မြောက် နယူးဒေလီစာအုပ်ပြပွဲ၌ ပြောကြားသည်။

ယင်းဌာနများ၌ စာအုပ်မျိုးစုံ ၁၀၀၀ခန့်၊ကွန်ပျူတာ၊ တယ်လီဖုန်း၊ အင်တာနက်၊ ပရင်တာနှင့် အခြား လိုအပ်သော ဒီဂျစ်တယ်စာကြည့်တိုက် အဖြစ်ဆောင်ရွက်နိုင်ရန် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

(ပီတီအိုင်)

တောင်တရုတ် ပင်လယ်ပြင်ရှိ တရုတ်၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ် သုံးနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်သော ရေနံရှာဖွေရေးလုပ်ငန်းခွင်ကို ဩဂုတ် ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပထမဆုံး မလေးရှားအာကာသယာဉ်မှူး ၂၀၂၀ပြည့်နှစ်၌ လကမ္ဘာသို့ သွားရောက်နိုင်ဖွယ်ရှိ

ကွာလာလမ်ပူ ဩဂုတ် ၂၈

မလေးရှားနိုင်ငံသည် အမျိုးသားအာကာသ အစီအစဉ်အောင်မြင်မှုကို ဖော်ထုတ်ပြသရန် ၂၀၂၀ပြည့်နှစ်၌ လကမ္ဘာသို့ အာကာသယာဉ်မှူးတစ်ဦးစေလွှတ်ဖွယ်ရှိကြောင်း မလေးရှား သိပ္ပံနှင့်နည်းပညာဝန်ကြီး ဂျမာလူဒင်ဂျာဂျစ်က ဩဂုတ် ၂၈ရက်၌ ပြောကြားသည်။

ဖော်ပြ

မိမိတို့သည် နိုင်ငံတကာ အာကာသစခန်းသို့ ၎င်းတို့၏ ပထမဆုံးသော အာကာသယာဉ်မှူးတစ်ဦးစေလွှတ်နိုင်မှုကို ကမ္ဘာသို့ ပြသရမည်ဖြစ်ကြောင်း၊ မိမိတို့၏ လုပ်နိုင်စွမ်းကို ပြသရမည်ဖြစ်ကြောင်း ဂျမာလူဒင်၏ ပြောကြားချက်ကို ဘာနားမားသတင်းဌာနက ကိုးကားဖော်ပြသည်။

ပြောကြား

မလေးရှားလူမျိုးတစ်ဦး လကမ္ဘာပေါ်တွင် ခြေချနိုင်ရေးမှာ မဖြစ်နိုင်စရာ မရှိကြောင်း၊ ၎င်းက သတင်းထောက်များအား ပြောကြားသည်။

၎င်းက ဆက်လက်ပြောကြားရာတွင် လကမ္ဘာသို့ အာကာသယာဉ်မှူးတစ်ဦးစေလွှတ်ရေးကိစ္စကို ဝန်ကြီးအဖွဲ့သို့ မကြာမီတင်ပြမည်ဖြစ်ကြောင်း ပြောကြားသည်။

၂၀၀၃ခုနှစ် ဩဂုတ်လက မလေးရှားနှင့် ရုရှားတို့ ချုပ်ဆိုထားသော စာချုပ်အရ ၂၀၀၇ခုနှစ်တွင် ပထမဆုံးသော မလေးရှား အာကာသယာဉ်မှူး တစ်ဦးကို နိုင်ငံတကာ အာကာသစခန်းသို့ စေလွှတ်မည်ဖြစ်ကြောင်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်တွင်ရှိသော အလုပ်သမားများ ပြန်လာရန် ဖိလစ်ပိုင်အစိုးရက ထပ်မံတိုက်တွန်းပြောကြား

မနီလာ ဩဂုတ် ၂၈

အီရတ်တွင် ဖိလစ်ပိုင်အင်ဂျင်နီယာတစ်ဦး လက်နက်ကိုင်တိုက်ခိုက်ရေးသမားများ၏ သတ်ဖြတ်ခြင်းခံရပြီးနောက် အီရတ်၌ နေထိုင်အလုပ် လုပ်ကိုင်ဆဲဖြစ်သော ဖိလစ်ပိုင်အလုပ် သမားများအား ဖိလစ်ပိုင်အစိုးရက ပြန်လာကြရန် ထပ်မံတိုက်တွန်းလိုက်သည်။

အီရတ်တွင် သတ်ဖြတ်ခံရသော ဖိလစ်ပိုင် အင်ဂျင်နီယာ ဖီဒီရီကိုဆမ်ဆွန်၏ မိသားစုကိုလည်း ဖိလစ်ပိုင်သမ္မတ ဂလိုရီရာမာကာပါဂယ်အာရိုယိုနှင့် အစိုးရအဖွဲ့က ဝမ်းနည်းစကားပြောကြားခဲ့သည်။

အီရတ်တွင် အလုပ်လုပ်ကိုင်နေသူများ ဖြစ်နိုင်သမျှ မြန်မြန်ပြန်လာကြရန် မိမိတို့ အကူအညီပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံသား အင်ဂျင်နီယာဆမ်ဆွန်သည် အီရတ်ရှိ အမေရိကန် နည်းပညာကုမ္ပဏီတစ်ခု တွင် အလုပ်လုပ်ကိုင်နေသူ တစ်ဦးဖြစ်ပြီး ဩဂုတ် ၂၄ ရက် ဗုဒ္ဓဟူးနေ့က ကယ်ကွတ်မြို့တွင် အီရတ်လက်နက်ကိုင်များက ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီးဌာနက ဖော်ပြသည်။

လုပ်ကိုင်

အီရတ်တွင် ဖိလစ်ပိုင်အလုပ်သမား ၆၀၀၀ ခန့်ရှိနေပြီး စစ်ဘက်ဆိုင်ရာများတွင် အစားအသောက်ချက်ပြုတ်ခြင်း၊ အဝတ်အစားလျှော်ဖွပ်ခြင်း၊ မီးဖိုချောင်အကူနှင့် စာရင်းကိုင်စသည့် နေရာပေါင်းစုံတွင် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ

နီပေါနိုင်ငံ၌ မြေမြှုပ်မိုင်းပေါက်ကွဲ လူခုနစ်ဦးသေဆုံး ခုနစ်ဦးဒဏ်ရာရရှိ

ခတ္တမန္ဒူ ဩဂုတ် ၂၈

နီပေါနိုင်ငံအနောက်ပိုင်း ကာပယ်ဗက်ခ်တူခရိုင်ရှိ မာဟင်ဒရာ အဝေးပြေးလမ်းမကြီး လမ်းအဆီးအတားများကို ဖယ်ရှားရှင်းလင်းစဉ် မြေမြှုပ်မိုင်းတစ်ခုပေါက်ကွဲမှုကြောင့် နီပေါနိုင်ငံသား အနည်းဆုံး ခုနစ်ဦးသေဆုံးပြီး အခြားခုနစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း နီပေါရဲတပ်ဖွဲ့က ပြောကြားသည်။

ခတ္တမန္ဒူမြို့ အနောက်ဘက်ကီလိုမီတာ ၂၀၀ခန့်အကွာရှိ ဘင်ကာဆာ ကျေးရွာအနီး အဝေးပြေးလမ်းမပေါ်တွင် မြေမြှုပ်မိုင်း ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း အဆိုပါရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။

သေဆုံး

ထိုမြေမြှုပ်မိုင်း ပေါက်ကွဲမှုကြောင့် လူငါးဦး ချက်ချင်းသေဆုံးသွားပြီး နှစ်ဦးမှာ ဆေးရုံသို့ဆေးကုသရန် သယ်ဆောင်သွားစဉ် လမ်း၌ သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ

အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ဩဂုတ် ၂၈ ရက်အထိ ၁၈၇၇ဦးရှိပြီ

ဘဂ္ဂဒက် ဩဂုတ် ၂၉

၂၀၀၃ခုနှစ် မတ်လက အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ ကျူးကျော်တိုက်ခိုက်ချိန်မှစ၍ ယခုနှစ် ဩဂုတ်၂၈ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၈၇၇ဦး ရှိသွားပြီဖြစ်ကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

ယင်းတို့အနက် ၁၄၅၅ဦးမှာ ရန်လိုသောတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပင်တဂွန်ကြေညာချက်၌ ဖော်ပြသည်။

အီရတ်၌ သေဆုံးသော အခြားတပ်ဖွဲ့ဝင်အရေအတွက်မှာ ဗြိတိသျှ တပ်ဖွဲ့ဝင် ၉၃ဦး၊ အီတလီ ၂၆ဦး၊ ယူကရိန်း ၁၈ဦး၊ ပိုလန်၁၇ဦး၊ ဘူဂေးရီးယား၁၃ဦး၊ စပိန်၁၁ဦး၊ ဆလိုဗက်ကီးယားသုံးဦး၊ အက်စတိုးနီးယား၊ ထိုင်းနှင့် နယ်သာလန်နှစ်ဦးစီ၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် လတ်ဗီးယားတစ်ဦးစီ သေဆုံးခဲ့ကြောင်း သိရသည်။

(အင်တာနက်)

လုံခြုံရေးစောင့်ကြပ်

အီရတ်နိုင်ငံ ဖလူးဂျာမြို့တွင် လုံခြုံရေး စောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးကို ဩဂုတ် ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စာမျက်နှာ ၃ ဆောင်းပါးမှ အဆက်

ခြေရာနင်းလာကြသည်။ စစ်အေးတိုက်ပွဲပြီးသည့်နောက်ပိုင်း အခြားပစ်မှတ်နိုင်ငံများကို ထိုးနှက်ရာ၌ ဟစ်တလာ၏ ဝါဒဖြန့်နည်းများကိုပင် အသုံးပြုလျက်ရှိနေပေသည်။

အမေရိကန်အသံ ဗွီအိုအေအသံလွှင့်ဌာန၊ ဗြိတိသျှ ဘီဘီစီ အသံလွှင့်ဌာနတို့သည် ၁၉၈၈ ခုနှစ်မတိုင်မီ အချိန်အထိ မြန်မာနိုင်ငံကောင်းကြောင်းကိုပင် လွှင့်ထုတ်ခဲ့ကြသေးသည်။ တော်လှန်ရေးကောင်စီ၏ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကိုပင် ကမ္ဘာက အတုယူရမည့် တောင်သူလယ်သမား ကောင်းစားရေး ဝါဒဟု ဘီဘီစီမှ လွှင့်ထုတ်ခဲ့ပုံကို တက္ကသိုလ်စိန်တင်က အိုးဝေဂျာနယ်တွင် ရေးသားတင်ပြခဲ့သေးသည်ကို မှတ်မိနေဆဲဖြစ်သည်။

၁၉၈၈ခုနှစ် မြန်မာနိုင်ငံတွင် ဆူပူမှုများဖြစ်ခဲ့သည်ကို ၎င်းတို့အတွက် အကွက်ပေါ်ပြီဟု ထင်မှတ်မှားကာ ဘီဘီစီ၊ ဗွီအိုအေတို့ ပြောင်းပြန်ဇောက်ထိုး ပြန်ကြားရေး (Disinformation) နည်း၊ အမည်းရောင် သတင်းဖြန့်နည်း (Black Journalism) နည်းများ သုံးလာကြသည်။ ၁၉၈၈ခုနှစ်အတွင်း လန်ဒန်ဘီဘီစီမှ ခရစ္စတိုဖာဂန်းနက်သည် ဆူပူမှုကို ထိန်းမနိုင်သိမ်းမရဖြစ်အောင် ဆွပေးရန်အတွက် ကလိမ်ကကျစ် တွေ့ဆုံ မေးမြန်းခန်းတစ်ခု လုပ်ကြံဖန်တီး လွှင့်ထုတ်ခဲ့ပုံကို သတင်းများ၊ ဆောင်းပါးများ၊ စာအုပ်စာတမ်းများဖြင့် တင်ပြခဲ့ဖူးပါသည်။

၂၈–၇–၈၈ ရက်နေ့တွင် ဘီဘီစီသတင်းထောက် ခရစ္စတိုဖာဂန်းနက်သည် နေမင်း၊ ဌေးအောင်၊ ဌေးကြွယ်၊ ကိုကိုလတ်တို့နှင့် ပေါင်းပြီး ရန်ကုန် ဆေးရုံကြီးတွင် ကြက်ခြေနီတပ်ဖွဲ့ဝင်တစ်ဦးအဖြစ် သူနာပြု လုပ်အားပေးနေသည့် ကမာရွတ်မြို့နယ်နေ ကျောင်းသူ အေးငြိမ်းသူအား လိမ်လည်လှည့်ဖြားပြီး စမ်းချောင်းသို့ ခေါ်သွားသည်။ ဂန်းနက်နှင့် တွေ့ပေးသည်။ ကိုကိုလတ်တို့က သူတို့ရေးပေးသည့် ဇာတ်ညွှန်းအတိုင်း ပြောပြအသံသွင်းပေးပါဟု အတင်းအကျပ် ခိုင်းကြသည်။ အေးငြိမ်းသူကလည်း တံလျှပ်ကို ရေထင်ပြီး မိမိမှာ ကျောင်းသူ၊ အဖမ်းခံရ၍ အင်းစိန်ထောင်ထဲရောက်၊ ထောင်ဝန်ထမ်းတို့က မိမိနှင့် အခြား ကျောင်းသူများကို အဓမ္မပြုကျင့်သည်ဟု မဟုတ်မမှန်လုပ်ကြံပြီး ဘီဘီစီအလိုကျ ပြောပေးလိုက်ရသည်။ ၆–၈–၈၈ရက် ညပိုင်းတွင် ထိုတွေ့ဆုံမေးမြန်းခန်းကို ဘီဘီစီက လွှင့်ထုတ်ခဲ့သည်။ အရေးအခင်းကာလပြီးဆုံးသွားပြီး နောက်ပိုင်းကျမှ အေးငြိမ်းသူ ကိုယ်တိုင်က သူ့လက်ရေးဖြင့် ဂန်းနက်နှင့် ကိုကိုလတ်တို့ ခိုင်းသည့်အတိုင်း လုပ်ကြံပြောခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိထောင်ထဲလည်း မရောက်၊ အဓမ္မပြုကျင့်ခြင်းလည်း မခံရပါကြောင်းဖြင့် ဖြစ်ရပ်မှန်ကို စာရေး တင်ပြတောင်းပန်လာခဲ့သည်။

အခြားသာဓကေ အများအပြားလည်း ရှိပါသည်။ ဘီဘီစီ၊ ဗွီအိုအေ၊ ယနေ့နောက်တိုး ပြည်ပြေးအသံလွှင့်ဌာန(အနောက်ကပင် တည်ထောင်ပေးထားသော) အာရ်အက်ဖ်အေ၊ ဒီဗွီဘီတို့ကလည်း ယနေ့တိုင် အေးချမ်းသာယာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်နေသည့် စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ မြန်မာနိုင်ငံတော်သစ်ကြီး တည်ဆောက်ရန် ရှေ့လုပ်ငန်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော် ကြိုးပမ်းနေသည့် မြန်မာနိုင်ငံကို နေ့၊ ည ဆက်တိုက် မမှန်သတင်း၊ ကောလာဟလများဖြင့် မှိုင်းတိုက် နှောင့်ယှက်နေသော Propaganda Sabotage ဝါဒဖြန့် အဖျက်လုပ်ရပ်များလုပ်နေသည်ကို တွေ့နေရသည်။

ဘီဘီစီ၊ အာရ်အက်ဖ်အေ၊ ဗွီအိုအေ၊ ဒီဗွီဘီ၊ ရေဒီယိုဖရီးယူရုပ် (လွတ်လပ်သော ဥရောပရေဒီယို RFE)၊ ရေဒီယို လစ်ဘာတီ၊ ရေဒီယိုဟိုဆေမာတီ၊ ရေဒီယိုဆွမ်း၊ တီဗွီမာတီ စသည်တို့မှာ အနောက်ကိုလိုနီလက်သစ်ဝါဒီတို့က ငွေကြေး စိုက်ထုတ်ပံ့အောကာ ယင်းတို့၏ပစ်မှတ်နိုင်ငံများမှ ပြည်ပြေးများ၊ ဝရမ်းပြေးများကို ဒီမိုကရေစီရေး လှုပ်ရှားသူဟု တံဆိပ်တုကပ် ခန့်ထားလျက် ကိုယ့်နိုင်ငံကိုယ် ပြန်စော်ကားခိုင်းနေပေသည်။ နယ်ချဲ့ဩဇာခံဖြစ်နေသော ထိုပြည်ပြေးများသည် ပက်လက်လှန်အိပ်ပြီး တံတွေးထွေးနေသူများဖြစ်နေကာ ကိုယ့်မျက်နှာပေါ် ကိုယ့်တံတွေး ပြန်ကျနေသည်ကိုပင် ပီတိဖြစ်နေကြပေသည်။

ဘီဘီစီ၏ ဩဂုတ်၂၃ရက် ညလုပ်ရပ်မှာ သိက္ခာမဲ့လွန်းလှသည်။ ထိုနေ့ည ဘီဘီစီညပိုင်းသတင်းတွင် နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်နှင့်ပတ်သက်၍ မဟုတ်မမှန်လုပ်ကြံထားသော သတင်းတစ်ပုဒ်ကို လွှင့်ထုတ်သွားသည်။ စင်စစ် ထိုသတင်းသည် လုံးဝမမှန်၊ အမှားသက်သက်ကို တမင်ရည်ရွယ်လွှင့်ထုတ်ထိုးဆွ၊ ဘောတီး၊ ထိုးနှက်လိုက်ခြင်းဖြစ်သည်။ ထိုသတင်းကို နယ်စပ်တစ်နေရာမှ ရသည်ဟု ဆိုသည်။ အခြေအမြစ်မရှိ၊ အထောက်အထားမပါ၊ အတည်ပြုချက်မယူဘဲ တမင်ရည်ရွယ်ချက်ဖြင့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု၏ ပြည်တွင်းရေးကို စွက်ဖက်နှောင့်ယှက်လိုက်ခြင်းသာ ဖြစ်သည်။

ပြည်တွင်းမှ ဘီဘီစီ၏ဒလန်များက ချက်ချင်းဆိုသလိုပင် မိနစ်၊ စက္ကန့်မဆိုင်းဘဲ လက်ဆင့်ကမ်းပြီး ဝါဒဖြန့်ပေးကြသည်။ ထိုသတင်းသည် နေ့ချင်းညချင်း ရန်ကုန်နှင့် နယ်မြို့များအထိ ပြန့်သွားသည်။ ဟစ်တလာနည်း၊ ရှစ်လေးလုံးဗျူဟာဖြင့် အကွက်ချ ဘောတီးလိုက်ခြင်းဖြစ်သည်။ ဩဂုတ် ၂၄ရက် ညတွင်မူ ဘီဘီစီက မလျှော့သေး၊ ထိုသတင်း အတည်ပြုနေရဆဲဖြစ်ကြောင်း၊ မီးခိုးထွက်တယ်ဆိုတာ မီးလောင်မှသာထွက်ကြောင်း ပြောကြားသွားပြန်သည်။ မီးတကယ်လောင်လျှင် မီးခိုးထွက်လာမည်ဖြစ်သည်။ ယခုသတင်းတွင် မီးခိုးမထွက်ပါ။ မီးမှမလောင်ဘဲကိုး၊ လေပုပ်ထုတ် အခိုးအငွေ့ထွက်လာကောင်း ထွက်လာပေမည်။ **ဘီဘီစီကိုယ်နှိုက်က လေပုပ်ချည်းထုတ်နေသောကြောင့် ဖြစ်သည်။ ဘီဘီစီအနေဖြင့် ထိုကိစ္စသည်များယွင်းသွားပါသည်ဟု မီဒီယာကျင့်ဝတ်နှင့်အညီ ဖြေရှင်းပေးသင့်သည်။ တောင်းပန် ဝန်ချရမည်သာဖြစ်သည်။** ဩဂုတ် ၂၅ရက် ည ဗွီအိုအေသတင်း၌ ဘီဘီစီသတင်းကြောင့် ရွှေဈေး၊ ဒေါ်လာ လမ်းဘေးလဲလှယ်နှုန်းနှင့် အခြားကုန်ဈေးနှုန်းများ တက်သွားသည်ဟု လွှင့်သွားသည်။

ဝိသမလောဘသမား ကုန်သည်များကလည်း ဘီဘီစီကဲ့သို့ နယ်ချဲ့ လက်အောက်ခံ ဝါဒဖြန့် ပါးစပ်ပေါက်များအလိုကျ မဆီမဆိုင် ရွှေဈေး၊ ဆန်ဈေး၊ ဆီဈေးတက်ပစ်သည်။ ထိုသတင်း မမှန်ကြောင်း သေချာစွာသိသောအခါ ထိုတက်ယူသော ဈေးနှုန်းကို ပြန်ချမပေး။ ဤသည်မှာ ကိုလိုနီလက်သစ် ဝါဒီတို့၏ ဇာတ်ညွှန်းအတိုင်း လိုက်ပါသရုပ်ဆောင်မိနေကြခြင်း ဖြစ်သည်။ ကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်သူ ဒုက္ခရောက်စေပြီး ပြည်ပအဖျက်သမားများ ဝမ်းသာပီတိဖြစ်စေသော အနေအထားဖြစ်သည်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းတည်ငြိမ် ဖွံ့ဖြိုးတိုးတက်နေသော အရှိန်၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအဟုန်တို့ကို ထိုအဖျက်အမှောင့်များက မဟန့်တားနိုင်ပါပေ။ ဘီဘီစီ၊ ဗွီအိုအေ၊ အာရ်အက်ဖ်အေကဲ့သို့သော နယ်ချဲ့မီဒီယာများနှင့် လက်ဝေခံတစ်ဆင့် ဝါဒဖြန့်ဘောတီးနေသော ပြည်တွင်းပြည်ပ အဖျက်သမားများသည် ပြည်သူတို့၏ ဘုံရန်သူများသာ ဖြစ်ကြောင်း ပြည်သူ့သဘောထားလေးရပ် ပြဒါးချိန်နှင့်တိုင်းတာကြည့်ပါကုန်။ သတင်းမှန်နှင့်အတင်းအဖျင်း၊ အပင်းမှိုင်းတိုက်မှုကို ခွဲခြားရန် အလွန်လွယ်ကူပါသည်။ အမျိုးသားရေး မှတ်ကျောက်တင်ကြည့်ရုံသာလိုပါသည်။ ပြည်တွင်းပြည်ပ အဖျက်သမားများ ဖော်စပ်ထားသော လူလုပ်လေပြင်းအဖျက်မုန်တိုင်းကြောင့်တော့ မိမိတို့ကိုယ်ကို မိမိတို့ အထိခိုက်မခံကြပါနှင့်၊ ဝိသမလောဘသမားများကလည်း ရောယိမ်းလိုက်၊ ဘသားယိမ်းလိုက်လုပ်ကာ စားသုံးသူများအပေါ် အမြတ်ထုတ် ကုပ်သွေးမစုပ်ကြပါနှင့်ဟူ၍ တင်ပြလိုက်ပါရစေ။ ။

နယူးအော်လင်းတွင် ကာထရီနာဟာရီကိန်းမုန်တိုင်းတိုက်ခတ် အိုးအိမ်များပျက်စီးပြီး လူပေါင်းများစွာ ဘေးဒုက္ခကြုံတွေ့

နယူးအော်လင်း ဩဂုတ် ၂၉

တစ်နာရီလျှင် ၁၄၅မိုင်နှုန်းတိုက်ခတ်သည့် ကာထရီနာဟာရီကိန်း မုန်တိုင်းသည် ဩဂုတ်၂၉ရက် (တနင်္လာနေ့)က နယူးအော်လင်းမြို့အနီးမှဖြတ်ကာ တိုက်ခတ်သွားရာ အိုးအိမ်များပျက်စီးပြီး လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ကာ အိုးအိမ်အများအပြား ရေလွှမ်းခံရကြောင်းသိရသည်။

အဆိုပါ ကာထရီနာဟာရီကိန်းမုန်တိုင်းသည် အမေရိကန်နိုင်ငံ နယူးအော်လင်းမြို့သို့ မတိုက်ခတ်မီ အင်အားကောင်းစွာဖြင့် ဖြစ်ပေါ်ခဲ့ပြီး မိုးသက်လေပြင်းများနှင့်အတူ ကမ်းခြေသို့ ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ ကာထရီနာဟာရီကိန်းတိုက်ခတ်မှုကြောင့် နေရာအများအပြား၌ မုန်တိုင်းဒဏ်ခံခဲ့ကြရပြီး လူ ၉၀၀၀ခန့် ဘေးဒုက္ခကြုံတွေ့ခံစားခဲ့ကြရကြောင်း နယူးအော်လင်းမြို့ အမျိုးသား ဟာရီကိန်းဌာနမှ ပြောကြားသည်။

(အင်တာနက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀–၈–၂၀၀၅ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	အောင်မြေရွှေဘိုမြို့ အပိုင်း(၁)
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၇း၃၀	Sunday Talk
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	အမှတ်(၂) သတ္တုတွင်းလုပ်ငန်း
၈း၄၀	ပြည်တွင်းသတင်းအကျဉ်း
၈း၄၅	UEFA Stories Best Games (3)
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၂၀	အိုးထိန်းသည် (ကျော်ရဲအောင်၊ ခိုင်သင်းကြည်၊ မြင့်မြင့်ခိုင်၊ အိဖြူစိုး)
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	မိုးလေဝသခန့်မှန်းချက်
၉း၅၅	ဗွီစီဒီလှိုင်းခတ်သံ (မိုးစက်နှင်းဆီသို့တမ်းချင်း–၁)
၁၀း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၁၅	ခေတ်အဆက်ဆက်က ထင်ပေါ် မြန်မာ့ဖိနပ်ပုံတော်
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	နိုင်ငံတကာပိုက်ကျော်ခြင်း ပြိုင်ပွဲ
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	ဒေသဝမ်းစာဖူလုံဖို့ ဆင်းရွှေလီ စပါးစိုက်ကြစို့ အပိုင်း(၄)
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါလေးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၁၀း၀၀	Wigan-Sunderland	5-Cartoons(Delay)
၁၁း၃၀	Premier League Highlights	5-Cartoons(Delay)

ထိုင်းနိုင်ငံမြောက်ပိုင်းတွင်ရေလွှမ်း အိမ် ၅၀၀ ကျော် ရေနစ်မြုပ်နေ

ဗန်ကောက် ဩဂုတ် ၂၉

ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းရိုင်တွင် ဩဂုတ် ၂၇ရက်(စနေနေ့) ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျေးရွာအိမ်ခြေ ၅၀၀ကျော် ရေလွှမ်းခဲ့ပြီး လမ်းများလည်း ရေဖုံးလွှမ်းခဲ့ကြောင်း၊ ထို့ကြောင့် မော်တော်ယာဉ်များ သွားလာရေးမပြုလုပ်နိုင်ခဲ့ကြောင်း ထိုင်းသတင်းဌာနက ဩဂုတ် ၂၈ရက်က သတင်းထုတ်ပြန်သည်။

ကျေးရွာနှစ်ရွာရှိ အိမ် ၂၀ကျော်မှာ ယခုအချိန်အထိ ရေလွှမ်းခံနေရဆဲဖြစ်ပြီး အချို့နေရာများတွင် ရေများဖုံးလွှမ်းလျက်ရှိနေဆဲဖြစ်ကြောင်းသိရသည်။

ထို့အပြင် အခြားကျေးရွာလေးရွာအတွင်းသို့ ရေများစီးဝင်မှုကြောင့် အိမ်ခြေ ၅၀၀ကျော် ရေနစ်မြုပ်ခဲ့ရသည်ဟုလည်းသိရသည်။ ထို့အတူ ချင်းရိုင်မှ မယ်ဆိုင်ခရိုင်သို့သွားသည့် မော်တော်ကားလမ်းမှာလည်း ရေလွှမ်းမှုကြောင့် မော်တော်ယာဉ်ငယ်များ ဖြတ်သန်းသွားလာ၍မရ ဖြစ်ခဲ့ရသည်။

အချို့ဒေသများတွင်လည်း ရေတစ်မီတာအနက်အထိ နစ်မြုပ်လျက်ရှိကြောင်း၊ ရေဘေးကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အဓိကမြစ်များတွင် မြစ်ရေများလျှံတက်လာနိုင်သဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ **(ဆင်ဟွာ)**

အင်ဒိုနီးရှား၌ ငလျင်လှုပ်

ဂျကာတာ ဩဂုတ် ၂၉

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်၏မြို့တော် ဘန်ဒါအာချေးတွင် ဩဂုတ်၂၈ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂၁း၀၀နာရီနှင့် နံနက် ၁၁နာရီ၄၃ မိနစ်က ငလျင်နှစ်ခုလှုပ်သွားကြောင်း အင်ဒိုနီးရှားသတင်းဌာန အင်တာရာက သတင်းထုတ်ပြန်သည်။

ထိုသို့လှုပ်သွားသည့်ငလျင်၏ ပြင်းအားစကေးများကို အတိအကျမသိရသေးသော်လည်း အရှေ့လောင်ဂျီတွဒ် ၉၄ဒသမ၃၈ဒီဂရီနှင့် မြောက်လတ္တီတွဒ် ၅ဒသမ၇၄ဒီဂရီတွင် လှုပ်ခဲ့သောငလျင်မှာ ရစ်ချ်တာစကေး ၅ ဒသမ၅ ရှိကြောင်း အင်ဒိုနီးရှားနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။ **(ဆင်ဟွာ)**

ဘဂ္ဂဒက်တွင် ရိုက်တာသတင်းဌာနမှ ဝန်ထမ်းနှစ်ဦးအား ကန်တပ်ဖွဲ့ဝင်များပစ်ခတ် တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဩဂုတ် ၂၉

ဘဂ္ဂဒက်မြို့တွင် ဩဂုတ်၂၈ရက် (တနင်္ဂနွေနေ့)က အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် ရိုက်တာသတင်းဌာနမှ ရုပ်မြင်သံကြားသတင်းကြေညာသူတစ်ဦးသေဆုံးပြီး ဓာတ်ပုံသတင်းထောက်တစ်ဦးလည်း ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ယခုကဲ့သို့ ရိုက်တာသတင်းဌာနမှ သတင်းကြေညာသူနှင့် ဓာတ်ပုံသတင်းထောက်တစ်ဦးတို့ ပစ်ခတ်ခံရမှုမှာ အမေရိကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့်ဖြစ်ကြောင်း၊ ယင်းမှာ မတော်တဆ ဖြစ်ရပ်ဖြစ်ကြောင်း အမေရိကန် စစ်ဘက်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ပစ်ခတ်ခံရမှုကြောင့် သေဆုံးသွားသူမှာ အသက် ၃၅နှစ်အရွယ်ရှိ ဝါလစ်ဒ်ကာလိဒ်ဆိုသူဖြစ်ပြီး သတင်းတစ်ခုကို စိစစ်ရန်သွားရောက်စဉ် အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့သဖြင့် သေဆုံးရခြင်းဖြစ်သည်။

ဝါလစ်ဒ်ကာလိဒ်သည် ဦးခေါင်းတွင်တစ်ချက်နှင့် ဝမ်းဗိုက်တွင် လေးချက် သေနတ်ဖြင့် ပစ်ခတ်ခံရခြင်းကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုရိုက်တာသတင်းအဖွဲ့သည် ဘဂ္ဂဒက်ရှိ အေအယ်အဒီလ်ခရိုင်တွင် ဖြစ်ပွားနေသော လက်နက်ကိုင်ပြောက်ကျားများနှင့် အမေရိကန်အီရတ်တပ်ဖွဲ့ဝင်များ၏ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုသတင်းကိုယူရန် သွားရောက်စဉ် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်ခြင်းခံရပြီး သေဆုံးမှုနှင့် ဒဏ်ရာရမှု ဖြစ်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

လမ်းဖောက်လုပ်ရန် ငွေလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၉

လှည်းကူးမြို့မှ ရေးဟောင်း သမိုင်းဝင် ရွှေဘုန်းပွင့်စေတီတော်ကြီး အရောက် တစ်မိုင်ခွဲခန့် ရှိသော လမ်းကို ပွင့်လင်းရာသီတွင် ဖောက်လုပ်ရန် စီစဉ်လျက်ရှိပြီး ကံကော်ကွျန်းတောရရိပ်သာကျောင်းတိုက်၌ အလှူငွေ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၇ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဦးလှသိန်းကျော် ရန်ကုန် ဖုန်း–၅၄၂၇၇၁၊ ဦးချစ်ဟန်–ဒေါ်ချိုတီ လှည်းကူး ဖုန်း–၆၂၉၄၈၇၊ ဦးအံ့ကူး ကျောက်မြောင်း ရန်ကုန် ဖုန်း– ၅၄၂၀၇၉၊ ဦးခင်မောင်ရင်–ဒေါ်ခင်နွဲ့ လှည်းကူး ဖုန်း–၆၂၉၈၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

❐ *ကျောဖုံးမှ*

အဆိုပါ ဖောင်းကတာရေလှောင်တမံဖွင့်ပွဲအခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ မုံရွာခရိုင်နှင့် ဆားလင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မီးသတ်နှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ မင်္ဂလာစည်တော်နှင့် ဘင်ခရာအဖွဲ့ဝင်များ၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ တာဝန်ရှိသူများ စုစုပေါင်း အင်အား ၄၅၀၀ ကျော်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် စစ်ကိုင်းတိုင်း ဆားလင်းကြီး မြို့နယ်အတွင်းမှာ ယနေ့ ဖောင်းကတာ ရေလှောင်တမံကို အောင်မြင်စွာ ဖွင့်လှစ်ပေးလိုက်ပြီးဖြစ်ကြောင်း၊ ဆားလင်းကြီးမြို့နယ်အတွင်း၌ပင် ဆားလင်းကြီးရေလှောင်တမံကို ယခင်နှစ် စက်တင်ဘာလအတွင်းက ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုတစ်ဖန် ထပ်မံပြီး ဆားလင်းကြီး ရေလှောင်တမံ၏ မြောက်ဘက် နှစ်မိုင်ခွဲအကွာ၌ ဖောင်းကတာ ရေလှောင်တမံကို တည်ဆောက်ဖွင့်လှစ်ပေးလိုက်သည့်အတွက် ရေလှောင်တမံ နှစ်ခုကယှဉ်တွဲပြီး ဤဒေသ၌ ဆည်ရေသောက်လယ်မြေများ ဆက်စပ်ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ ဤနယ်မြေဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ပြီး စီးပွားရေး၊ လူမှုရေး အဆင့်အတန်းများ ထပ်ဆင့်တိုးတက်မြင့်မားလာမည် ဖြစ်သည့်အတွက် ဒေသခံပြည်သူများနှင့် ထပ်တူဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်းကို ပြောကြားလိုကြောင်း။

စီမံဆောင်ရွက်ပေး

နိုင်ငံတော် တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းလာအောင်လည်း နိုင်ငံတော်အကြီးအကဲကိုယ်တိုင် အဘက်ဘက်က လမ်းညွှန်မှုများဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းကဲ့သို့ စီမံဆောင်ရွက်မှုထဲတွင် ယခု ဖောင်းကတာ ရေလှောင်တမံလည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် မြေသယံဇာတ၊ ရေသယံဇာတကြွယ်ဝသော တိုင်းပြည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်မြင့်မားလာစေရန် အဓိကစိုက်ပျိုးရေရရှိရေးကို စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေးကဏ္ဍသည် မြန်မာနိုင်ငံ၏ အခြေခံကျသော စီးပွားရေး လုပ်ငန်းကြီးဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး ကုန်ထုတ်လုပ်မှုပမာဏ၏ ၄၁ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း၊ ဆက်လက်ပြီး စိုက်ပျိုးရေးကဏ္ဍ၏ ကုန်ထုတ်လုပ်မှုတိုးမြှင့်ဆောင်ရွက်သွားနိုင်ရန် အခြေခံကောင်းများရှိနေကြောင်း။

ဆန္ဒပြင်းပြစွာလက်တွဲချီတက်

နိုင်ငံတော်၏ ရေ၊ မြေသယံဇာတ အခြေခံကောင်းများကို နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးရေးအတွက် အကျိုးရှိရှိ အသုံးချဆောင်ရွက်သွားနိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက **"ယနေ့ရရှိနေပြီဖြစ်သော တည်ငြိမ်မှု၊ အေးချမ်းသာယာမှုကို အရင်းခံလျက် နိုင်ငံတော်၏ ပေါကြွယ်ဝသော သယံဇာတများ၊ စီးပွားရေး အရင်းအမြစ်များကို နိုင်ငံတော်အတွက် အကျိုးရှိရှိအသုံးပြုကာ ဘက်စုံဖွံ့ဖြိုးသော ခေတ်မီနိုင်ငံတော်သစ်အဖြစ်သို့ အမြန်ရောက်ရှိရေးကို မမှိတ်မသုန်သော ဆန္ဒပြင်းပြစွာဖြင့် လက်တွဲ ချီတက်ကြရမည့် အချိန်အခါဖြစ်ကြောင်း"** ဖြင့် ၁၉၉၅ ခုနှစ် (၇၅) နှစ်မြောက် အမျိုးသားနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာထဲ၌ လမ်းညွှန်တိုက်တွန်းခဲ့ပါကြောင်း။

နိုင်ငံတော် အကြီးအကဲအနေဖြင့် ပြည်သူများအကျိုးအတွက် နိုင်ငံတော်၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက် မြင့်မားလာစေရအောင် အခါမလပ် ကြပ်မတ် လမ်းညွှန်ပေးလျက်ရှိရာ၌ အထူးသဖြင့် စိုက်ပျိုးရေးတွင် အရေးပါသော စိုက်ပျိုးရေရရှိရေးအတွက် စိုက်ပျိုးရေရှားပါးသည့်ဒေသများ၌ ရေလှောင်တမံစီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများ တည်ဆောက် အကောင်အထည်ဖော်သွားရန် လမ်းညွှန်ပေးလျက်ရှိကြောင်း။

အထူးသဖြင့် မိုးနည်းရေရှားဒေသများမှာ စိုက်ပျိုးရေရရှိရန် မြစ်ရေတင်စီမံကိန်းများ၊ ရေလှောင်တမံစီမံကိန်းများ၊ မြေအောက်ရေ ရရှိရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခု တည်ဆောက်ဖွင့်လှစ်ပေးလိုက်သည့် ဖောင်းကတာရေလှောင်တမံသည် ၁၉၈၈ ခုနှစ် နောက်ပိုင်း စစ်ကိုင်းတိုင်းအတွင်းတွင် အကောင်အထည်ဖော်ပေးလိုက်သော ၁၉ ခုမြောက် ရေလှောင်တမံတစ်ခုဖြစ်သကဲ့သို့ နိုင်ငံတော်၏ ၁၇၇ ခုမြောက် ရေလှောင်တမံစီမံကိန်းလည်းဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်း တည်ဆောက်ပေးနိုင်မှုကြောင့် ဆည်ရေသောက်ဧက နှစ်သန်းလေးသိန်းကျော် တိုးတက်လာခဲ့ပြီး ၁၉၈၈ ခုနှစ်က သီးနှံစိုက်စွမ်းအားသည် ၁၁၉ ဒသမ ၆ ရာခိုင်နှုန်း ရှိခဲ့ရာက ယခုအချိန်တွင် ၁၅၂ ဒသမ ၇ ရာခိုင်နှုန်းအထိတိုးတက်လာခဲ့ကြောင်း။

တိုးတက်မြင့်မား

နိုင်ငံတစ်ဝန်း ဖြန့်ကြက်ပြီး ရေလှောင်တမံနှင့် မြစ်ရေတင်စီမံကိန်းများသည် ကွန်ရက်သဖွယ် တည်ရှိလာပြီးဖြစ်သည့်အတွက် နယ်မြေဒေသအသီးသီး၏ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာမှုနှင့် ဆက်နွယ်ပြီး ပတ်ဝန်းကျင် နယ်မြေလူထု၏ လူမှုစီးပွားရေး တိုးတက်မြင့်မားလာအောင် ဆောင်ရွက်ပေးနေနိုင်ပြီ ဖြစ်ကြောင်း၊ ယခု ဖောင်းကတာရေလှောင်တမံကြောင့် ယင်းနယ်မြေလူထုအနေဖြင့် အကျိုးကျေးဇူးများ ခံစားရတော့မည်ဖြစ်ကြောင်း။

ယခုဆိုလျှင် ရေရှားသော ဤဒေသ၌ ငွေသာ၊ ဆားလင်းကြီးနှင့် ဖောင်းကတာ ရေလှောင်တမံများ အစုအဖွဲ့က စိုက်ပျိုးရေပေးဝေလာနိုင်ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ရလာသော အခွင့်အရေးကို လက်လွတ်မခံဘဲ ဤဒေသ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာအောင် မိမိတို့၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် အားထုတ်ကြိုးပမ်းသွားကြစေလိုကြောင်း။

သတ်မှတ်ဆောင်ရွက်

နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု မြင့်မားလာရေးအတွက် အဓိကဖြစ်သည့် စိုက်ပျိုးရေ လုံလောက်စွာရရှိရေး အစီအမံများကို အစီအစဉ်ရှိရှိဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့် နည်းတူ တစ်ဖက်ကလည်း သီးနှံစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်အောင် အားပေးဆောင်ရွက်နေကြောင်း၊ ရှိပြီးသား စိုက်ဧကများ အထွက်နှုန်းတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်နှင့် နည်းပညာပေးမှုများဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သီးနှံများ အရည်အသွေးနှင့်အထွက်နှုန်းကောင်း စိုက်ပျိုးနိုင်အောင် ဆန်စပါးအပါအဝင် မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ချည်မျှင်ရှည်ဝါ၊ အစေ့ထုတ်ပြောင်း၊ ကြံသီးနှံများကို ပန်းတိုင်အထွက်နှုန်းများ သတ်မှတ် ဆောင်ရွက်လျက်ရှိကြောင်း။

သီးနှံစိုက်စွမ်းအား တိုးမြှင့်လာစေရန် အချိန်မီ စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ပေးနေကြောင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ရိတ်သိမ်းထွန်ယက် စိုက်ပျိုးမှုမြန်ဆန်ပြီး သီးထပ်များ စိုက်ပျိုးမှုဖြင့် တောင်သူများ စီးပွားတိုးတက်စေရန် စက်မှုလယ်ယာ စနစ်ကူးပြောင်းရေးကို လုပ်ကိုင်ပေးလျက်ရှိကြောင်း။

ဤဒေသသည် ပုံမှန်အားဖြင့် မိုးရွာ ရက်များနှင့် မိုးရေချိန်လက်မ ၃၀ ခန့်သာ ရွာသွန်းမှုရှိနေသည့်အတွက် မိုးကာလတွင်တောင် စိုက်ပျိုးရေ အလုံအလောက်မရနိုင်သော ဒေသတစ်ခုဖြစ်ကြောင်း၊ ပူပြင်းခြောက်သွေ့မှုကြောင့် စိုက်ပျိုးရေ သာမက သောက်သုံးရေ အခက်အခဲများနှင့်လည်း ကြုံတွေ့နေကြရကြောင်း။

ယခု တည်ဆောက်ပေးလိုက်သော ဖောင်းကတာ ရေလှောင်တမံအပါအဝင် ဆည်အစုအဖွဲ့များ တည်ဆောက်ပေးနိုင်မှုကြောင့် ဤဒေသကယာမြေများသည် ဆည်ရေသောက်လယ်မြေများအဖြစ် ကူးပြောင်းတိုးတက်လာတော့မည် ဖြစ်ကြောင်း၊ ဤဒေသ၏ ကျေးရွာ အုပ်စု သုံးစုက စိုက်ပျိုးမြေဧက ၁၅၀၀ ခန့်ကို ဆည်ရေပေးဝေနိုင်တော့မည် ဖြစ်ပြီး စိုက်ပျိုးထုတ်လုပ်မှု မြင့်မား တိုးတက်လာမည့်အပြင် ဒေသစိမ်းလန်းစိုပြည်ရေးနှင့် ကျေးလက် ဒေသသောက်သုံးရေ ဖူလုံရေးအတွက်ပါ အကျိုးခံစားရတော့မည်ဖြစ်ကြောင်း။

ဤဒေသက ကျေးရွာအုပ်စု သုံးခုသည် ယခင်က ပဲစင်းငုံနှင့် မိုးနှမ်းကို မူရင်းဧက ၁၀၀၀ ၌ ပထမ သီးနှံအဖြစ်စိုက်ပျိုးပြီး ဒုတိယသီးနှံအဖြစ် ပဲမျိုးစုံဧက ၃၇၀ ဝန်းကျင်ကိုသာ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ သီးနှံစိုက်စွမ်းအားကိုကြည့်လျှင် ၁၃၇ ရာခိုင်နှုန်းပင်ရှိကြောင်း၊ ယခုဤရေလှောင်တမံ တည်ဆောက်ပေးလိုက်သည့်အတွက် မူရင်းဧက ၁၀၀၀ ၌ မိုးစပါး၊ ချည်မျှင်ရှည်ဝါနှင့် မိုးနှမ်းတို့ကို ပထမသီးနှံအဖြစ် ရေသွင်းစိုက်ပျိုးနိုင်တော့မည့် အပြင် ဒုတိယသီးနှံ ကုလားပဲနှင့် ဆောင်းနှမ်းကို ဧက ၁၀၀၀၊ တစ်ဖန် ထပ်မံပြီး တတိယသီးနှံ မိုးကြိုနှမ်းကို ဧက ၅၅၀ စိုက်ပျိုးလာနိုင်မည်ဖြစ်သည့်အတွက် သီးနှံပုံစံသည် တစ်နှစ်သုံးသီးနှင့် သီးနှံစိုက်စွမ်းအားသည် ၂၅၅ ရာခိုင်နှုန်းအထိ တိုးတက်အကျိုးခံစားရတော့မည်ဖြစ်ကြောင်း။

ဆားလင်းကြီးမြို့နယ်အပါအဝင် စစ်ကိုင်းတိုင်းကို မိမိတို့ နိုင်ငံ၏ အထက်ပိုင်း၌ စပါးကျီကြီးအဖြစ် အားထားတည်ရှိလာအောင် နိုင်ငံတော်အကြီးကဲ၏ လမ်းညွှန်မှုများဖြင့် ရည်မှန်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဤရည်မှန်းချက်နှင့်အညီ ယခင်တည်ဆောက်ပေးခဲ့သော မြေအောက်ရေစီမံကိန်းအပါအဝင် ကြီးမားသည့် သဖန်းဆိပ်ရေလှောင်တမံကြီးနှင့် ဒေသအလိုက် ဆည်အစုအဖွဲ့များက စစ်ကိုင်းတိုင်း၏ လယ်ယာကုန်ထုတ်စွမ်းအား တိုးတက်ရအောင် ပိုင်းရံအထောက်အကူပြုနေပြီဖြစ်ကြောင်း။

ယခု ရေလှောင်တမံကို နိုင်ငံတော်က ငွေအား၊ စက်အား၊ နည်းပညာအားများစိုက်ထုတ်ပြီး အချိန်တိုအတွင်း ဒေသခံတောင်သူများ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ရေလှောင်တမံအနေဖြင့် တမံအမြင့် ၇၅ ပေနှင့် တမံအလျားပေ ၄၃၇၀ ရှိပြီး ရေဧကပေ ၇၃၄၀ သိုလှောင်နိုင်အောင် တည်ဆောက်ထားကြောင်း၊ ဤရေလှောင်တမံသည် သားစဉ်မြေးဆက် အကျိုးခံစားသွားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးရန်ကိုလည်း မှာကြားလိုကြောင်း။

ပိုမိုတိုးတက်လာ

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ဒေသခံပြည်သူများအနေဖြင့် ယခင်က မိုးနည်းရေရှား၍ သီးနှံစိုက်ပျိုးထုတ်လုပ်ရေးတွင် မိမိတို့စွမ်းအားရှိသမျှ ထုတ်လုပ်ခြင်းမပြုနိုင် ဖြစ်နေရသည့်အခြေအနေကို ကျော်လွှားနိုင်တော့မည်ဖြစ်ကြောင်း၊ သီးနှံ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်သည်နှင့်အမျှ ဒေသခံတောင်သူများ၏ လူမှုစီးပွားရေး ပိုမိုမြင့်မားတိုးတက်လာအောင် ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာသည်နှင့်အမျှ ဆက်နွယ်နေသော အခြားစီးပွားရေးလုပ်ငန်းများလည်း ပိုမိုတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ ဒေသ၌ရှိသည့် ပြည်သူများ၏ လူမှုရေးဘဝ၊ စီးပွားရေးဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်သွားနိုင်တော့မည်ဖြစ်ကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံတော်၏ လယ်ယာကုန်ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ပြီး နိုင်ငံစီးပွားရေး ပိုမိုတိုးတက် ခိုင်မာလာစေရန် ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာတွင် စစ်ကိုင်းတိုင်း၌ ယခုဖွင့်လှစ်သည့် ရေလှောင်တမံတစ်ခု ထပ်မံပေါ်ပေါက်လာပြီဖြစ်၍ ဒေသအတွက် စိုက်ပျိုးရေးသာမက စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုမည့် အခြေခံကောင်းများ မွေးဖွားပေးသည့် နေ့တစ်နေ့အဖြစ် ဒေသခံပြည်သူများနှင့် ထပ်တူထပ်မျှဝမ်းသာဂုဏ်ယူဖြစ်မိပါကြောင်း။

ဤရေလှောင်တမံသည် အဓိကအားဖြင့် မိုးနည်းရေရှားသော ဆားလင်းကြီးမြို့နယ်အတွင်းရှိ မူလယာမြေများကို လယ်မြေအဖြစ် ပြောင်းလဲ၍ ရေပေးဝေစိုက်ပျိုးနိုင်မည့်အပြင် ဒေသသောက်သုံးရေရရှိနိုင်ပြီး ဒေသစိမ်းလန်းစိုပြည်ဖွံ့ဖြိုးတိုးတက်လာမည့် ရေလှောင်တမံတစ်ခုဖြစ်ကြောင်း။

စစ်ကိုင်းတိုင်းအတွင်း ၁၉၈၈ ခုနှစ်မှစပြီး ယနေ့အထိ ယခုဖွင့်လှစ်လိုက်သော ဖောင်းကတာရေလှောင်တမံအပါအဝင် ဆည်၊တမံအကြီး၊ အသေး ၁၉ ခုကို ငွေကျပ်သန်းပေါင်း ၁၃၀၇၅ ဒသမ ၁၈ အကုန်အကျခံ တည်ဆောက်ပေးပြီးဖြစ်ကြောင်း၊ အကျိုးပြုဧကအနေဖြင့် ၃၇၁၄၄၄ ဧကကျော်ခန့် ရှိနေပြီဖြစ်ကြောင်း။

ဆည်အစုအဖွဲ့အဖြစ်တည်ရှိ

ဆားလင်းကြီးမြို့နယ်နှင့် ဆက်စပ်နေသော ပတ်ဝန်းကျင်ဒေသ၌ တည်ဆောက်ပြီး ရေလှောင်တမံများကို ကြည့်မည်ဆိုလျှင် ၁၉၈၈ ခုနှစ်နောက်ပိုင်း သာစည်ရေလှောင်တမံ၊ ထန်းဇလုပ်ရေလှောင်တမံ၊ နွယ်ခွေ ရေလှောင်တမံ၊ လက်ယက်မ ရေလှောင်တမံ၊ မြောက်ယမား ရေလှောင်တမံ၊ တောင်ယမားရေလှောင်တမံ၊ ကြက်မောက်နှင့် လယ်တီရေလှောင်တမံ၊ ***စာမျက်နှာ ၇ ကော်လံ ၁***

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့ စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်ရှိ ဖောင်းကတာရေလှောင်တမံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။
(လယ်ယာ/ဆည်မြောင်း)

ဤဒေသက ကျေးရွာအုပ်စုသုံးခုသည် ယခင်က ပဲစင်းငုံနှင့် မိုးနှမ်းကို မူရင်းဧက ၁၀၀၀ ၌ ပထမသီးနှံအဖြစ် စိုက်ပျိုးပြီး ဒုတိယသီးနှံအဖြစ် ပဲမျိုးစုံဧက ၃၇၀ ဝန်းကျင်ကိုသာ စိုက်ပျိုးနိုင်ခဲ့၊ သီးနှံစိုက်စွမ်းအားကို ကြည့်လျှင် ၁၃၇ ရာခိုင်နှုန်းပင်ရှိ၊ ယခုဤရေလှောင်တမံ တည်ဆောက်ပေးလိုက်သည့်အတွက် မူရင်းဧက ၁၀၀၀ ၌ မိုးစပါး၊ ချည်မျှင်ရှည်ဝါနှင့် မိုးနှမ်းတို့ကို ပထမသီးနှံအဖြစ် ရေသွင်း စိုက်ပျိုးနိုင်တော့မည့်အပြင် ဒုတိယသီးနှံ ကုလားပဲနှင့် ဆောင်းနှမ်းကို ဧက ၁၀၀၀၊ တစ်ဖန် ထပ်မံပြီး တတိယသီးနှံ မိုးကြိုနှမ်းကို ဧက ၅၅၀ စိုက်ပျိုးလာနိုင်မည်ဖြစ်သည့်အတွက် သီးနှံပုံစံသည် တစ်နှစ်သုံးသီးနှင့် သီးနှံစိုက်စွမ်းအားသည် ၂၅၅ ရာခိုင်နှုန်းအထိ တိုးတက်အကျိုးခံစားရတော့မည်။

30-8 (06).p65 1 3/26/05, 11:53 AM

စာမျက်နှာ ၆ မှ

လက်ပန်ရေလှောင်တမံနှင့် မြို့သစ်ရေလှောင်တမံတို့တည်ရှိပြီး ဆားလင်းကြီးမြို့နယ်အတွင်း ငွေသာရေလှောင်တမံ၊ ဆားလင်းကြီးရေလှောင်တမံနှင့် ယခုဖွင့်လှစ်လိုက်သည့် ဖောင်းကတာရေလှောင်တမံတို့သည် ဆည်အစုအဖွဲ့အဖြစ် တည်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍအခြေခံသော စီးပွားရေး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေး၏ အခြေခံလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေ ဖူလုံစွာရရှိအောင် ရေရရှိရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် တည်ဆောက်ပေးနေသည်မှာ တစ်နိုင်ငံလုံး အနှံ့အပြားဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်ပေးလိုက်သော ဖောင်းကတာရေလှောင်တမံသည် ၁၇၇ ခုမြောက် ရေလှောင်တမံဖြစ်ပြီး စစ်ကိုင်းတိုင်းအတွင်းတွင် ရေလှောင်တမံအကြီး၊ အသေး ၁၈ ခု ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်လိုက်သော ဖောင်းကတာရေလှောင်တမံသည် ဆားလင်းကြီးမြို့နယ်အတွင်း စိုက်ပျိုးမြေဧက ၁၅၀၀ ခန့်ကို ရေပေးနိုင်မည်ဖြစ်ကြောင်း။

ဝင်ငွေတိုးပွားစည်ပင်

စစ်ကိုင်းတိုင်းသည် စပါး၊ ဝါ၊ကြံ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများပါ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသော တိုင်းတစ်ခုဖြစ်သည့်အတွက် နိုင်ငံတော်က စီးပွားရေးအရ အဓိက အားထားရသော တိုင်းတစ်တိုင်းဖြစ်သည့်အပြင် စစ်ကိုင်းတိုင်းသည် အထက်မြန်မာပြည်၏ စပါးကျီဖြစ်ရမည်ဟူသော ဆောင်ပုဒ်အတိုင်း ယခုကဲ့သို့ ဖောင်းကတာရေလှောင်တမံ တည်ဆောက်ပေးခြင်းဖြင့် ဆားလင်းကြီးဒေသတွင် စိုက်ပျိုးရေရရှိလာခြင်းကြောင့် စပါးအပါအဝင် သီးနှံများ အောင်အောင်မြင်မြင် စိုက်ပျိုးလာနိုင်ပြီး တောင်သူလယ်သမားကြီးများ၏ ဝင်ငွေ တိုးပွားစည်ပင်လာတော့မည်ဖြစ်ကြောင်း။

ဒေသလိုအပ်ချက်အရ ယနေ့ဖွင့်လှစ်လိုက်သော ဖောင်းကတာရေလှောင်တမံသည် စိုက်ပျိုးရေး၊ ဒေသ စိမ်းလန်းစိုပြည်ရေးတို့ကို အထောက်အကူပြုပေးမည့် လုပ်ငန်းဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်သွားကြပြီး ရေဝေရေလဲဧရိယာအား အစဉ်ထာဝရ စိမ်းလန်းစိုပြည်ရေးကို ဒေသခံပြည်သူများက ဝိုင်းဝန်း ပူးပေါင်းပါဝင်ဆောင်ရွက် စောင့်ရှောက်ကြရန်နှင့် ဆည်မြောင်းလုပ်ငန်းများကို ဘိုးဘွားပိုင် အမွေအနှစ်များအဖြစ် ချစ်မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်ကြပါဟု ပြောကြားသွားသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ဆားလင်းကြီးမြို့နယ်မှ ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဦးတင်အောင်က ဆားလင်းကြီးမြို့နယ်တွင် ဖောင်းကတာ ရေလှောင်တမံအကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းကြောင့် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် အခမ်းအနားသို့တက်ရောက်လာကြသောပြည်သူလူထုအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် မင်္ဂလာအချိန်ကျရောက်သည်နှင့် စက်ခလုတ်နှိပ်၍ ဖောင်းကတာ ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ကမ္ပည်းကျောက်စာတိုင်ကိုအမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့်ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့သည် ဖဲကြိုးဖြတ်၍ ဖောင်းကတာရေလှောင်တမံကိုဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဖောင်းကတာရေလှောင်တမံစီမံကိန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်အတူ ဖွင့်ပွဲအခမ်းအနားမုခ်ဦးရှေ့တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည်ဖောင်းကတာရေလှောင်တမံ၏ ပင်မတမံနှင့် ရေထုတ်ပြွန်၊ ရေထိန်းမျှော်စင်၊ ဆည်ရေသိုလှောင် ရရှိမှုအခြေအနေ၊ ရေပေးတူးမြောင်းနှင့်ရေပိုလွှဲတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဖောင်းကတာရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားအပြီးတွင် စီမံကိန်းရှင်းလင်းဆောင်၌ တိုင်းမှူးနှင့်ဝန်ကြီးတို့အား ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)မှ ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်က ရေလှောင်တမံစီမံကိန်းတွင် ပါဝင်သည့် ပင်မတမံ၊ ရေထိန်းမျှော်စင်၊ ရေထုတ်ပြွန်၊ ရေပိုလွှဲနှင့် ဆည်ရေသောက်စနစ်တည်ဆောက်မှုလုပ်ငန်းများနှင့် ဆည်ရေပေးမည့်အစီအစဉ်တို့ကို မြေပုံဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာက ဆည်ရေသောက်ဧရိယာတွင် စပါးတစ်သီးအခြေခံ၍ သီးထပ်သီးနှံစိုက်ပျိုးမည့် ဒေသနှင့်ကိုက်ညီသော သီးနှံပုံစံကိုလည်းကောင်း၊ စစ်ကိုင်းတိုင်း စက်မှုလယ်ယာဦးစီးဌာနမှူးက ဆည်ရေအကျိုးရှိရှိအသုံးပြုသီးနှံစိုက်ပျိုးနိုင်ရန် လက်ရှိစိုက်ခင်းများအား မြေယာပြုပြင်ပေးမှုကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များနှင့် ဌာနဆိုင်ရာများအား လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ရေလှောင်တမံပြီးစီးသော်လည်း ဆည်ရေပေးဝေ၍ သီးနှံစိုက်ပျိုးရေး၊ စပါးစိုက်ပျိုးဧက တစ်ကွင်းတစ်စပ်ရရှိရေး၊ တောင်သူလယ်သမားများ၏ ဝင်ငွေရရှိအောင် နည်းပညာရပ်များ ပံ့ပိုးကူညီရေး၊ ဆည်ရေလေလွင့်မှုမရှိအောင် စနစ်တကျအသုံးပြုရေးတို့ကို မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဒေသဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်က ဆည်ရေလှောင်တမံများ တည်ဆောက်ပေးခဲ့သဖြင့် တောင်သူ လယ်သမားများ ဆည်ရေဖြင့် သီးထပ်စိုက်ပျိုး ဝင်ငွေတိုးအောင် အာဏာပိုင် အဖွဲ့အစည်းအသီးသီးနှင့် ဌာနဆိုင်ရာများက ဘက်စုံထောင့်စုံမှ ကြိုးပမ်း ဆောင်ရွက်ပေးရန် မှာကြားသည်။

ယင်းနောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ဆည်ရေသောက်စနစ်တူးမြောင်းများပြီးစီးမှုနှင့် ဆည်ရေသောက်ဧရိယာတွင် ယာမြေကွက်များကို လယ်မြေအဖြစ် စက်အင်အားဖြင့် ကန်သင်းကန်စိုက်ကွက်ဖော်ပေးမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီများအား ဆက်လက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ချမှတ်ပေးကြသည်။

ဖောင်းကတာရေလှောင်တမံသည် နှစ်စဉ် ပျမ်းမျှစီးဝင်ရေ ဧကပေ ၆၀၀၀ ရှိသည်။ ဖောင်းကတာချောင်းပေါ်တွင် တမံအလျား ပေ ၄၃၇၀၊ တမံအမြင့် ၇၅ ပေရှိကာ ကန်ရေလှောင်ပမာဏ ဧကပေ ၇၄၃၀သိုလှောင်နိုင်သည့် ရေလှောင်တမံဖြစ်သည်။ ရေထုတ်ပြွန်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ကာ အချင်းသုံးပေရှိသည့် သံကူကွန်ကရစ် အရွယ်အစားမှာ အလျား၁၇၆ပေရှိ၍ ပိုက်တပ်ဆင်ထားသည်။ ရေပိုလွှဲမှာ အလျား၁၃၆၇ပေ၊ အကျယ်ပေ၄၀ရှိသည်။ ဆည်ရေသောက်ဧကမှာ ၁၅၀၀ ဖြစ်ပြီး ဆားလင်းကြီးမြို့နယ်အတွင်း တည်ဆောက်ပြီးစီးသည့် ဆားလင်းကြီးရေလှောင်တမံ၊ ငွေသာရေလှောင်တမံတို့ဖြင့် ဆည်အစုအဖွဲ့အဖြစ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးသာမက ဒေသစိမ်းလန်းစိုပြည်ရေးကိုလည်း များစွာအထောက်အကူပြုမည်ဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးခန့်အပ်

ရန်ကုန် ဩဂုတ် ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းအား ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

ဘရူနိုင်းဒါရူဆလမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးခန့်အပ်

ရန်ကုန် ဩဂုတ် ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ထွန်းအား ဘရူနိုင်း ဒါရူဆလမ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီး ဖြစ်သည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ မုတ္တမကမ်းလွန်ဒေသ ကမ်းလွန်ရေနံရှာဖွေရေး၊ တူးဖော်ရေးသင်္ဘော Frontier Duchess ပေါ်ရှိ အစမ်းတွင်းအမှတ် ဇောတိက(၁)ကို စက်ခလုတ်နှိပ်၍ စတင်တူးဖော်ဖွင့်လှစ်ပေးစဉ်။ (စွမ်းအင်)

မုတ္တမကမ်းလွန်ဒေသ ကမ်းလွန်ရေနံရှာဖွေရေး လုပ်ကွက်အမှတ် M-9 ၌ အစမ်းတွင်းအမှတ် ဇောတိက(၁)စတင်တူးဖော်

ရန်ကုန် ဩဂုတ် ၂၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိသည် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းက မုတ္တမကမ်းလွန်ဒေသ ကမ်းလွန်ရေနံရှာဖွေရေး လုပ်ကွက်အမှတ် M-9 တွင် အစမ်းတွင်းအမှတ် ဇောတိက(၁)အား စတင်တူးဖော်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဝန်ကြီးသည် တူးဖော်ရေးသင်္ဘော Frontier Duchess ပေါ်သို့ သွားရောက်သည်။ ဝန်ကြီးအား တူးဖော်ရေးသင်္ဘောပေါ်ရှိ ရှင်းလင်းဆောင်တွင် Petroleum Authority of Thailand Exploration & Production Int'l (PTTEPI) ကုမ္ပဏီ Resident Manager ဖြစ်သူ Mr. Prapat Sonpongpipat က ကြိုဆိုနှုတ်ဆက်စကား ပြောကြားသည်။ ထို့နောက် PTTEPI ကုမ္ပဏီ Drilling Engineer ဖြစ်သူ Mr. Sarit Rattanachan မှ လုပ်ကွက်အမှတ် M-9 ၏ အလားအလာများ၊ တွင်းတူးဖော် စမ်းသပ်ဆောင်ရွက်သွားမည့်အစီအစဉ်များကိုရှင်းလင်းတင်ပြရာ ဝန်ကြီးနှင့် စွမ်းအင်ဝန်ကြီးဌာန တာဝန်ရှိသူတို့က အသေးစိတ် ဆွေးနွေးညှိနှိုင်းကြသည်။ ဝန်ကြီးက လုပ်ကွက်အမှတ် M-9 အတွင်းရှိ ဘူမိအနေအထားကောင်းမွန်သော သဲကြောများအား ရှာဖွေရေးတွင်းများ တူးဖော်ခြင်းလုပ်ငန်းကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားပြီး ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးညှိနှိုင်းသည်။ ထို့နောက် ဝန်ကြီးက တွင်းတူးဖော်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိကြသော နိုင်ငံခြားသားပညာရှင်များနှင့် မြန်မာဝန်ထမ်းများအား ဂုဏ်ပြုသစ်သီးခြင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီးသည် တူးဖော်ရေးသင်္ဘော Frontier Duchess ပေါ်ရှိ တွင်းတူးဖော်ရေးစင်သို့ သွားရောက်ပြီး လုပ်ကွက်အမှတ် M-9 ၏ အစမ်းတွင်းအမှတ် ဇောတိက(၁) စတင်တူးဖော်ခြင်းအခမ်းအနားကို နံနက် ၁၀ နာရီ ၁၇ မိနစ်တွင် စက်ခလုတ်နှိပ်၍ စတင်တူးဖော်ဖွင့်လှစ်ပေးသည်။

အလားအလာကောင်းမွန်

အဆိုပါ မုတ္တမကမ်းလွန်ဒေသ လုပ်ကွက်အမှတ် M-9 သည် လက်ရှိ ထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့များ ပို့လွှတ်ရောင်းချလျက်ရှိသည့် ရတနာသဘာဝဓာတ်ငွေ့သိုက်၏ တောင်ဘက်တွင် ကပ်လျက်တည်ရှိသည်။ PTTEPI ကုမ္ပဏီအနေဖြင့် ၂၀၀၅ ခုနှစ်အတွင်းတွင် ရှာဖွေရေးတွင်း နှစ်တွင်းနှင့် ၂၀၀၆ ခုနှစ် ပွင့်လင်းရာသီအတွင်း နောက်ထပ်လေးတွင်းကို တူးဖော်စမ်းသပ်သွားမည်ဖြစ်ရာ နောက်ထပ် သဘာဝဓာတ်ငွေ့သိုက် အသစ်ထပ်မံတွေ့ရှိနိုင်မည့် အလားအလာများ များစွာကောင်းမွန်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၃၀–၈–၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ ဖြူးချောင်းတံတား
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇:၀၀ ၅။ ၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(ကာလပေါ်တေး နှင့် ခေတ်ဟောင်းတေး) (ပညာရှင်အဆင့်) [အမျိုးသမီး]
၁၇:၁၀ ၆။ ခံစားနားဆင်တေးဓာတ်ဝင်
၁၇:၂၀ ၇။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၁၇:၃၀ ၈။ ကြေးမုံရိပ်သွင်တေးနုယဉ်
၁၇:၄၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၁၀ ၁၀။ နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ **“ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး”** (အပိုင်း–၁၈)
၁၈:၃၀ ၁၁။ ညနေခင်းသတင်း
၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ရွှေးနီမလေးရဲ့ချစ်ပုံပြင်”** (အပိုင်း–၁၈)
၁၉:၃၅ ၁၄။ ထားဝစဉ်နှလုမြန်မာ့ဂီတ (အတီးပညာဘာသာရပ် ဆွေးနွေးခန်း) (အပိုင်း–၇)
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်သောနေခြည်”** (အပိုင်း–၈)
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

ဓမ္မသုခဝိပဿနာရိပ်သာဖြစ်မြောက်ရေးအလှူငွေပေးအပ်

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ် ၂၉(ပထမထပ်)တွင် ဖွင့်လှစ်ထားသော ဓမ္မရိပ်သာအား ထာဝရတရားရိပ်သာဖွင့်လှစ်နိုင်ရေးအတွက် ဩဂုတ် ၁၅ ရက်တွင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကျင်းပရာ ယင်းအခမ်းအနားတွင် ရိပ်သာဖြစ်မြောက်ရေးကော်မတီမှ လှူဒါန်းငွေကျပ် ၁၀ သိန်းကို နာယက ဆရာဦးကျော်နိုင်ထွန်းထံသို့ ပေးအပ်လှူဒါန်းကြသည်။

ယင်းထာဝရတရားရိပ်သာဖြစ်မြောက်ရေးတွင် ပါဝင် လှူဒါန်းလိုသော အလှူရှင်များသည် ရိပ်သာအကျိုးတော်ဆောင်အဖွဲ့ ဖုန်း–၅၁၄၈၉၇၊ ဖုန်း–၅၁၂၇၁၁၊ ၀၉–၅၁၀–၉၅၃၂၊ ၀၉–၅၁၀–၁၂၇၁ တို့သို့ ဆက်သွယ်စုံစမ်း၍လည်းကောင်း၊ ရိပ်သာသို့လာရောက်၍လည်းကောင်း လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

(က–ပ)

ရင်းရင်းနှီးနှီး နှုတ်ဆက်

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ရတနာခန်းမ၌ ကျင်းပသော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၃) ဖွင့်ပွဲအခမ်းအနားအပြီးတွင် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

✡ ***ရှေ့ဖုံးမှ***

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ အထက်မြန်မာပြည်တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ အခြေခံပညာ ဆရာ ဆရာမများ တက်ရောက်ကြသည်။

အထူးလိုအပ်

သင်တန်းဖွင့် အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် စည်ပင်ဝပြောရေးအတွက် မြန်မာတစ်မျိုးသားလုံး ဝိုင်းဝန်းကြိုးပမ်းပြီး ကိုယ့်ခွန်ကိုယ့်အားဖြင့် ကိုယ်နိုင်ငံတည်ဆောက်နေသည့် ယနေ့အချိန်အခါတွင် အမျိုးသားပညာရည်မြင့်မားမှုစွမ်းအားပြည့်ဝခိုင်မာနေစေရန် အထူးလိုအပ်သည်ဆိုသည်ကို ဆရာ ဆရာမများအားလုံးက အလေးအနက်ခံယူထားပြီး ဖြစ်မည်ဟု ယုံကြည်ထားကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း အမျိုးသားပညာရည်မြင့်မားရေးတွင် ဆရာ ဆရာမများ၏ အရေးပါသည့်အခန်းကဏ္ဍကို အသိအမှတ်ပြုပြီး ယခုကဲ့သို့ ဆရာ ဆရာမများအတွက် အထူးမွမ်းမံသင်တန်းများကို အလေးထားဖွင့်လှစ်ပေးနေခြင်းပင်ဖြစ်ကြောင်း။

ဆရာ ဆရာမများအားလုံး စိတ်ဓာတ်ရေးရာ မြင့်မားခိုင်ကျည်စေရန် နိုင်ငံတော်၏ ပကတိအခြေအနေမှန်များ၊ အနာဂတ်မျှော်မှန်းချက်နှင့်အလားအလာများ၊ နိုင်ငံတော် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို သိရှိနားလည်စေရန် အတွေ့အကြုံ အသိအမြင် ဗဟုသုတပွားများစေပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွား ကာကွယ်စောင့်ရှောက်မြှင့်တင်ရေးအတွက် ဆင်ခြင်တုံတရားနှင့် နှီးဆ ချင့်ချိန်သုံးသပ်ဆောင်ရွက်နိုင်ရန်အပြင် နိုင်ငံတကာအဆင့်မီ ပညာသင်ကြားရေးကို အထောက်အကူဖြစ်စေမည့် သင်ကြားမှုသင်ယူမှုနည်းစနစ်များကို ကျွမ်းဝင်တတ်မြောက်စေရန်ဆိုသည့် မြင့်မားသော ရည်မှန်းချက်များထားရှိပြီး ယခုကဲ့သို့ အထူးမွမ်းမံသင်တန်းများကို ဖွင့်လှစ်ပေးနေခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် ဤအထူးမွမ်းမံသင်တန်းများသည် ဆရာ ဆရာမများ၏ ပင်ကိုရှိရင်းစွဲ အတွေ့အကြုံ ဗဟုသုတ၊ စွမ်းဆောင်မှု အရည်အသွေးနှင့် စိတ်ဓာတ်တို့ကို ပိုမိုတောက်ပြောင်ထက်မြက်မြင့်မားလာစေမည်ဖြစ်၍ ဆရာ ဆရာမများအတွက်ရော မိမိတို့၏တပည့် ကျောင်းသူကျောင်းသားများအတွက်ပါမက နိုင်ငံတော်အတွက်ပါ အလွန်တရာအကျိုးတရားပွားများ စေမည်ဖြစ်သည်ဟု ခံယူထားကြရန် ပထမဦးစွာ ပြောကြားလိုကြောင်း။

ကြိုးစားလေ့လာ

ဆရာ ဆရာမများအနေဖြင့် တစ်နေ့တခြား ပိုမိုကျယ်ဝန်းနက်ရှိုင်းလာနေသည့်ပညာရေးကဏ္ဍ၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက်သာမက အခြေအနေ အချိန်အခါအရပ်ရပ်တွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးစီးပွားကို ဖော်ဆောင်မြှင့်တင်ပေးနိုင်ရေးအတွက်ပါ ရည်မှန်းပြီး ဤသင်တန်းကပေးလာသည့် ပညာဉာဏ် အတွေ့အကြုံ ဗဟုသုတတို့ကို အပြည့်အဝရရှိစေအောင် ကြိုးစားလေ့လာသွားကြပါဟု တစ်ဆက်တည်းမှာကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး နိုင်ငံတကာအလယ်၌ တင့်တင့်တယ်တယ်၊ ဝင့်ဝင့်ကြွားကြွား ရင်ပေါင်တန်းရပ်တည်နိုင်စေရေးအတွက် အမျိုးသားစီးပွားရေးဘဝတိုးတက်ဖြစ်ထွန်းခိုင်မာပြီး နိုင်ငံတော်ကြီးအရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်စေရအောင်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်အကျိုးရလဒ်ကောင်းများကို မိမိနိုင်ငံသူ နိုင်ငံသားအားလုံး စိတ်အေးချမ်းမြေ့စွာရရှိခံစားစေပြီး လူနေမှုဘဝ အဆင့်အတန်းတိုးတက်မြင့်မားစေရအောင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ်ပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

မလိုအပ်ဘဲရင်ဆိုင်နေရ

ယင်းကဲ့သို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ ကိုယ်ပိုင်ရှင်သန်ရပ်တည်ခွင့် အခွင့်အရေးများနှင့်အညီ မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် ကိုယ့်ခွန်ကိုယ့်အားဖြင့် ကိုယ့်အားကိုယ်ကိုး ရိုးသားစွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း နည်းပညာအရ၊ ဓနအင်အားအရ များစွာအသာစီးရရှိနေသော နိုင်ငံကြီးအချို့၏ နှောင့်ယှက်ဟန့်တားမှု၊ ဖိအားပေးအကျပ်ကိုင်မှု၊ မိမိတို့နိုင်ငံအပေါ် ဩဇာလွှမ်းမိုးခြယ်လှယ်ရန် ကြိုးစားလုပ်ဆောင်မှုများကို မလိုအပ်ဘဲ ရင်ဆိုင်နေရသည့် အခြေအနေများဖြင့် ကြုံတွေ့နေရသည်ကို ဆရာ ဆရာမများ အသိပင်ဖြစ်ကြောင်း။

ရင်ဆိုင်ဖြေရှင်း

ယနေ့နိုင်ငံတကာမျက်နှာစာကို ကြည့်လျှင်လည်း သိပ္ပံနှင့်နည်းပညာရပ်များ၏ တစ်ရှိန်ထိုး တိုးတက်ပြောင်းလဲမှုများက ဆောင်ကြဉ်းလာနေသော နည်းပညာကွာဟမှု၊ ဓနအင်အားကွာခြားမှု၊ ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းမညီမျှမှုများနှင့်အတူ ဤမညီမျှမှုများကို အခွင့်ကောင်းယူအသုံးချပြီး ကွာဟမှုပိုမိုကျယ်ပြန့်နက်ရှိုင်းလာအောင်ဖန်တီးရင်း မိမိတို့၏ ဩဇာအာဏာလောင်းရိပ်ကို ချဲ့ထွင်ထူထောင်နေကြသည့် နိုင်ငံကြီးအချို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကဲ့သို့ ကိုယ့်အားကိုယ်ကိုး ရိုးသားစွာ ကြိုးပမ်းဆောင်ရွက်နေကြသော ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့ မမျှတမှုများ၊ တမင်ဖန်တီးထားသည့် အကျပ်အတည်းများကို တိုး၍တိုး၍ ရင်ဆိုင်ဖြေရှင်းနေရလျက်ရှိနေကြောင်း။

ထို့အပြင် ယနေ့နိုင်ငံတကာတွင် အယူဝါဒရေးရာ ပဋိပက္ခဖြစ်မှုများ၊ နိုင်ငံရေး၊ စီးပွားရေးဖက်ပြိုင်မှုများ၊ နိုင်ငံကြီးအချို့၏ မိမိတို့၏ အမျိုးသားရေး

တစ်မျိုးသားလုံးပညာရည်မြင့်မားရေးဆောင်ရွက်

- ❐ နိုင်ငံတော်ကို စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် တည်ဆောက်ရတဲ့ ခေတ်ပြောင်း၊ စနစ်ပြောင်းလုပ်ငန်းဟာ ကြီးမားကျယ်ပြန့်ပြီး စနစ်ကျစွာ တစ်ဆင့်ပြီးတစ်ဆင့် လုပ်ရမယ့် တာဝန်ကြီးတစ်ရပ်ဖြစ်၊
- ❐ နိုင်ငံတော် တည်ငြိမ်အေးချမ်းအောင်နဲ့ အမျိုးသားပြန်လည်စည်းလုံး ညီညွတ်မှုရရှိအောင် ဆောင်ရွက်ရင်း နိုင်ငံတော်ရဲ့ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနဲ့ ကာကွယ်ရေးစွမ်းအားတွေကိုလဲ တည်ဆောက်ရတယ်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ လူသားအရင်းအမြစ်တွေကို မွေးထုတ်ပေးရသလို တစ်မျိုးသားလုံးပညာရည်မြင့်မားရေးကိုလဲ ဆောင်ရွက်ရတယ်၊ နိုင်ငံသားအားလုံး တစ်ဦးချင်းဝင်ငွေ မြင့်မားရေး၊ လူနေမှုဘဝမြင့်မားရေးနဲ့ ကျန်းမာကြံ့ခိုင်ရေးတို့ကိုလဲ ဆောင်ရွက်လျက်ရှိ။

ခေတ်မီနည်းပညာများ၊ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာနည်းပညာများ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုခြေလှမ်းများ စတင်လျှောက်လှမ်းနေသည်ကို ဂုဏ်ယူဝင့်ကြွားဖွယ်တွေ့မြင်နေရ

အကျိုးစီးပွားကာကွယ်စောင့်ရှောက်မှုကို တိုင်းပြည်နယ်နိမိတ်ပြင်ပသို့ဆန့်ထုတ်ဖြေရှင်းမှုများက တစ်ဆင့်ပေါက်ဖွားလာသည့် အလွန်တရာနက်ရှိုင်းသိမ်မွေ့ပြီး တစ်ကမ္ဘာလုံးကို လွှမ်းခြုံရိုက်ခတ်နေသော ဂယက်လှိုင်း အဆင့်ဆင့်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် မလိုအပ်သည့် စိန်ခေါ်မှုအသစ်များ၊ မရှိသင့်သည့် အကန့်အသတ်များကို ဖြစ်ပေါ်စေလျက်ရှိကြောင်း။

ထိန်းသိမ်းစောင့်ရှောက်

ယင်းကဲ့သို့အခြေအနေ အချိန်အခါမျိုးတွင် မိမိနိုင်ငံသူနိုင်ငံသားများ၏ ပညာရည်မြင့်မားမှု၊ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှု၊ အသိအမြင် အတွေးအခေါ်ကြွယ်ဝမှု၊ ဆင်ခြင်တုံတရားနှင့်ပြည့်ဝမှု၊ တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်မှုတို့ပေါင်းစည်းထားသည့် အမျိုးသားရေးစွမ်းအားကို အခိုင်အမာ တည်ဆောက်ထားနိုင်မှသာ မိမိနိုင်ငံ မိမိလူမျိုး၏ ဂုဏ်သိက္ခာနှင့်အကျိုးစီးပွားကို နိုင်ငံတကာမျက်နှာစာ၌ တည့်မတ်ခိုင်ကျည်စွာ ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း။

အမှန်တကယ်တော့ မိမိတို့မြန်မာနိုင်ငံတော်သည် အလွန်ကြမ်းတမ်းခက်ထန်သောသမိုင်းကြောင်းကို ရာစုနှစ်တစ်စုနှင့်တစ်ဝက်ကျော်၊ တစ်နည်းအားဖြင့် နှစ်ပေါင်း ၁၅၀ခန့်ဖြတ်သန်းခဲ့ရပြီး မကြာလှသေးသည့် ဆယ်စုနှစ်တစ်နှစ်ကျော်ကာလကမှ တည်ငြိမ်အေးချမ်းမှု၊ ငြိမ်းချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများကို စတင်ခံစားလာခဲ့ရသောနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း။

ယနေ့ထက်တိုင်လည်း နိုင်ငံတော်ကြီးသည် ကိုလိုနီနယ်ချဲ့လက်အောက်သူ့ကျွန်ဘဝ၏ ဆိုးမွေများ ပါလီမန်ခေတ်ကာလ၏ အယူဝါဒရေး၊ ပုဂ္ဂိုလ်ရေး၊ တစ်ယူသန် လူမျိုးရေး အစွဲအလမ်းများက ပေါက်ဖွားလာသော စိတ်ဝမ်းကွဲပြားမှု၊ ဆူပူဆန္ဒပြမှု၊ လက်နက်ကိုင် ဆန့်ကျင်မှု အနိဋ္ဌာရုံများက လုံးဝဥဿုံမလွတ်ကင်းနိုင်သေးဘဲ ဤအနိဋ္ဌာရုံဆိုးမွေများ လုံးဝချုပ်ငြိမ်းပပျောက်သွားစေရအောင် ကြိုးစားဆောင်ရွက်နေရဆဲအခြေအနေမှာပင် ရှိပါသေးကြောင်း။

ယင်းကဲ့သို့ အခြေအနေမျိုးတွင် မိမိတို့နိုင်ငံအပေါ် ဩဇာလွှမ်းမိုးခြယ်လှယ်နိုင်ရန်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပျက်ပြားအောင်၊ ပြည်ထောင်စုကြီး ချည့်နဲ့ပြိုကွဲအောင် သွေးထိုးသပ်လျှိုလှုံ့ဆော်မှုများလုပ်ဆောင်ပြီး သူ့ကျွန်ဘဝ၏ အနိဋ္ဌာရုံဆိုးမွေများ ပြန်လည် ပေါက်ဖွားလာအောင် လွတ်လပ်ရေးရပြီးစ အခြေအနေမျိုး ပြန်လည်ဆိုက်ရောက်အောင် ဖန်တီးလုပ်ဆောင်မှုများကိုလည်း ရင်ဆိုင်တွန်းလှန်နေရဆဲပင်ဖြစ်ကြောင်း။

မျက်မြင်ကိုယ်တွေ့

မိမိတို့တပ်မတော်အစိုးရသည် နိုင်ငံ၏ တာဝန်ရယူခဲ့ရချိန်ကစပြီး တိုင်းရင်းသားလက်နက်ကိုင် ဆန့်ကျင်မှုပြဿနာများ၊ မူးယစ်ဆေးဝါးထုတ်လုပ်မှု ဆိုးမွေများ၊ နိုင်ငံဖွံ့ဖြိုးမှု နောက်ကျကျန်နေခဲ့သည့် အခြေအနေများ လမ်းပန်းဆက်သွယ်ရေးအပါအဝင် အခြေခံအဆောက်အအုံများ၊ ချို့တဲ့ပြဿနာများ စသည့်ပြဿနာပေါင်းစုံကို တစ်ပြိုင်နက်တည်း ဖြန့်ကြက်ဖြေရှင်းရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင်၊ နိုင်ငံသူနိုင်ငံသားများ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အဆင့်အတန်းများ တိုးတက်မြင့်မားအောင် နေ့ညမနားမနေ အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို ယနေ့ကာလတိုင် တစ်ချက်ကလေးမှ အရှိန်အဟုန်မပျက်ခဲ့ဘူးဆိုသည်ကို အားလုံးမျက်မြင်ကိုယ်တွေ့ပင် ဖြစ်ကြောင်း။

ယင်းကဲ့သို့ တပ်မတော်အစိုးရ၏ ပြည်သူများအကျိုး၊ အမျိုးသားရေးအကျိုး မနေမနား ဖြန့်ကြက်ထမ်းဆောင်လျက်ရှိနေမှုနှင့်ပတ်သက်ပြီး နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၀၅ ခုနှစ်ညီလာခံတွင် လမ်းညွှန်သြဝါဒစကားမိန့်ကြားရာ၌ ထည့်သွင်းမိန့်ကြားခဲ့ခြင်းရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

“နိုင်ငံတော်ကို စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ်တည်ဆောက်ရတဲ့ ခေတ်ပြောင်း၊ စနစ်ပြောင်းလုပ်ငန်းဟာ ကြီးမားကျယ်ပြန့်ပြီး စနစ်ကျစွာ တစ်ဆင့်ပြီးတစ်ဆင့်လုပ်ရမယ့် တာဝန်ကြီးတစ်ရပ်ဖြစ်တယ်။”

“နိုင်ငံတော် တည်ငြိမ်အေးချမ်းအောင်နဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုရရှိအောင်ဆောင်ရွက်ရင်း နိုင်ငံတော်ရဲ့ နိုင်ငံရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနဲ့ ကာကွယ်ရေးစွမ်းအားတွေကိုလဲ တည်ဆောက်ရတယ်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ လူသားအရင်းအမြစ်တွေကို မွေးထုတ်ပေးရသလို တစ်မျိုးသားလုံးပညာရည်မြင့်မားရေးကိုလဲ ဆောင်ရွက်ရတယ်၊ နိုင်ငံသားအားလုံး တစ်ဦးချင်းဝင်ငွေ မြင့်မားရေး၊ လူနေမှုဘဝမြင့်မားရေးနဲ့ ကျန်းမာကြံ့ခိုင်ရေးတို့ကိုလဲ ဆောင်ရွက်လျက်ရှိတယ်။”

ဟု မိန့်ကြားခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ မိန့်ကြားခဲ့သကဲ့သို့ နိုင်ငံတော်ကြီးကို အခြေခံခိုင်ခိုင်မာမာဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဘက်စုံကဏ္ဍစုံတွင် ရည်မှန်းချက်ရှိရှိဖြင့် စနစ်တကျဖြန့်ကြက်ပြီး ကြိုးပမ်းတည်ဆောက် မြှင့်တင်ပေးလျက်ရှိသည့်အတွက် ယနေ့ဆိုလျှင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းအားလုံး၌ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများ အစီအရီတိုးပွားဖြစ်ထွန်းနေပြီဖြစ်သကဲ့သို့ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းများကို အခြေခံသော စီးပွားရေးအခြေခံကောင်းများလည်း ဖြစ်ထွန်းခိုင်မာနေပြီဖြစ်ကြောင်း။

ထို့အပြင် တိုင်းရင်းသားညီအစ်ကို သွေးချင်းများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ပိုမိုရင့်သန်ခိုင်မာလျက်ရှိသည်သာမက ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အဆင့်အတန်းများသည်လည်း ရည်မှန်းချက်နှင့်အညီ တိုးတက်မြင့်မားနေပြီဖြစ်ကြောင်း၊ ယခုဆိုလျှင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍတို့တွင် ခေတ်မီနည်းပညာများ၊ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်နေပြီဖြစ်သည့်အတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုခြေလှမ်းများကို စတင်လျှောက်လှမ်းနေပြီဖြစ်သည်ကို ဂုဏ်ယူဝင့်ကြွားဖွယ် တွေ့မြင်နေရပြီ ဖြစ်ကြောင်း။

အဘက်ဘက်က ပိတ်ဆို့ဟန့်တား နှောင့်ယှက်နေကြသည့်ကြားက ယခုကဲ့သို့ ကိုယ့်အားကိုယ့်မာန်ဖြင့် နိုင်ငံတော်ကြီး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်နေစေရအောင် စွမ်းဆောင်နိုင်လျက်ရှိခြင်းသည် နိုင်ငံတော်အစိုးရနှင့်အတူ ဆရာ ဆရာမများအပါအဝင် ပြည်သူအပေါင်း၏ ပါဝင်လက်တွဲကြိုးပမ်းစွမ်းဆောင်မှုများကြောင့် ဖြစ်သည်ဆိုသည်ကိုလည်း ထင်ရှားနေပြီဖြစ်ကြောင်း။

ပျိုးထောင်ပေးနိုင်

ထို့ကြောင့် ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ထိန်းသိမ်းမြှင့်တင်နိုင်စေရန်အတွက် ပြည်သူအများ စွမ်းရည်ပြည့်ဝအောင်၊ ပညာရည်မြင့်မားအောင်၊ ကျန်းမာရေးကြံ့ခိုင်ကောင်းမွန်အောင် ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်ကြရန်လိုသကဲ့သို့ အမျိုးသားရေးစွမ်းအား ခါးဆက်မပြတ်စေရန်နှင့် တစ်ခေတ်ထက်တစ်ခေတ် ပိုမိုစွမ်းအားထက်မြက်မြင့်မားစေရန် မျိုးဆက်သစ်လူငယ်များကို ပညာရေးကဏ္ဍက လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန်လိုအပ်မည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ အနာဂတ်လိုအပ်ချက်များနှင့် လိုက်လျောညီထွေစွာ ယနေ့လူငယ်များကို ကြိုတင်လေ့ကျင့်ပုံဖော်ပေးနိုင်ပါမှ လူငယ်များအနေဖြင့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ကာကွယ်နိုင်မည့် အရည်အသွေး၊ စွမ်းရည်၊ စိတ်ဓာတ်နှင့် အသိပညာ၊ အတတ်ပညာများနှင့် ပြည့်စုံပြီး နိုင်ငံတော်၏ အနာဂတ်သည်လည်း အမျိုးသားရေးမျှော်မှန်းချက်များနှင့်အညီ တည်ငြိမ်ခိုင်မာစွာ ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု၊ ရေရှည်အကျိုးဖြစ်ထွန်းမှုတို့ကို အထောက်အကူဖြစ်စေမည့် လူ့စွမ်းအားအရင်းအမြစ်များစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရအောင်၊ သိပ္ပံနှင့်နည်းပညာရပ်များ တိုးတက်ထွန်းကားပြန့်ပွားလာစေရအောင်၊ သိပ္ပံနှင့်နည်းပညာ တိုးတက်ဖြစ်ထွန်းမှုများကို အမျိုးသားရေးအကျိုးစီးပွားဖော်ဆောင်ရာတွင် အကျိုးရှိထိုက်တန်စွာ အသုံးပြုနိုင်စေရအောင် ဆရာ ဆရာမများအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

အမျိုးသားပညာရည်မြင့်မားရေးနှင့် ပတ်သက်ပြီး ၁၉၉၈ ခုနှစ်က အခြေခံပညာကဏ္ဍ၌ စတင်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ပညာရေးမြှင့်တင်မှုအစီအစဉ်အဆင့်ဆင့်မှသည် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ချိတ်ဆက်ပြီး ၂၀၀၀ ပြည့်နှစ်ကစတင်ခဲ့သည့် အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းနှင့် ဤအထူးလေးနှစ်စီမံကိန်း၏ ဒုတိယနှစ်ကစတင်ပြီး ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀)နှစ်ရှည်စီမံကိန်းစသော စီမံကိန်းအဆင့်ဆင့်တွင် ၎င်းအဆင့်အလိုက် လုပ်ငန်းစဉ်များ ရည်မှန်းချက်နှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြရာတွင် အခြေခံပညာနှင့် တက္ကသိုလ်၊ ကောလိပ်ဆရာ ဆရာမများ၊ ပညာရေးသုတေသီများ၊ ပညာရှင်ကြီးများ၊ ပညာရေးစီမံခန့်ခွဲသူများနှင့် ကျောင်းသူကျောင်းသားများ၊ မိဘပြည်သူများ၏ ပူးပေါင်းလက်တွဲစွမ်းဆောင်မှုများသည် လွန်စွာမှ အားရကျေနပ်ဖွယ်ဖြစ်ထွန်းလာခဲ့သည်ကို တွေ့ရကြောင်း။

အထူးသဖြင့် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀)နှစ်ရှည် စီမံကိန်း၏ အခြေခံပညာကဏ္ဍလုပ်ငန်းစဉ်ကြီး(၁၀)ရပ်အနက်–

- နိုင်ငံသားတိုင်း အခြေခံပညာ အဆင့်အလိုက်သင်ယူပြီးမြောက်ရေး၊
- အခြေခံပညာအရည်အသွေး မြင့်မားရေး၊
- ခေတ်မီဆက်သွယ်ပို့ချမှုနှင့် ကျွမ်းကျင်မှုဆိုင်ရာ သင်ကြားမှုသင်ယူမှု အခွင့်အလမ်းများပိုမိုတိုးတက်ရေး၊
- ဘက်စုံပညာပြည့်ဝသည့် နိုင်ငံ့သားကောင်းများအဖြစ် ပြုစုပျိုးထောင်ပေးရေး၊
- မိဘပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အခြေခံပညာဖွံ့ဖြိုးမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး

စသည့် လုပ်ငန်းစဉ်များ အောင်မြင်ဖြစ်ထွန်းရေးသည် အနယ်နယ်အရပ်ရပ်၌ အခြေခံဒေသ ကျေးလက်အထိ ဖြန့်ကြက်တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများ၏ ကြိုးစားအားထုတ်မှု၊ တီထွင်ကြံဆမှု၊ စည်းရုံးဆောင်ရွက်နိုင်မှုတို့အပေါ် တည်မှီလျက်ရှိကြောင်း။

နိုင်ငံတော်က အလေးထားဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများသည်လည်း အခြေခံပညာကျောင်းများ၊ အဆောက်အအုံနှင့် အသွင်အပြင် တိုးတက်ကောင်းမွန်ရေး၊ ပညာရည်မြင့်မားရေး၊ သင်ကြားမှုသင်ယူမှု အထောက်အကူပြုပစ္စည်းများ ပြည့်စုံရေးလုပ်ငန်းများတွင် မိဘပြည်သူများ ပူးပေါင်းပါဝင်လာအောင် ဆရာ ဆရာမများ၏ စည်းရုံးဆွဲဆောင်နိုင်မှုအပေါ် များစွာမူတည်လျက်ရှိကြောင်း။

ထို့ကြောင့် အခြေခံပညာ ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ ပညာရေး လုပ်ငန်းတာဝန်များကို သာမန်မျှ သဘောမထားဘဲ ကျေးလက်ပညာရည်မြင့်မားရေးမှသည် တစ်မျိုးသားလုံးပညာရည်မြင့်မားရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးမှသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပဓာနကျသော အခြေခံအုတ်မြစ်များ တည်ဆောက်နေခြင်းဖြစ်သည်ဟု ခံယူထားကြရန် ပြောကြားလိုကြောင်း။

အထူးသဖြင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်းများသည် နိုင်ငံတော်သစ်တည်ဆောက်ရေး ဖြစ်စဉ်အဆင့်ဆင့်၏ အခြေခံအကျဆုံး အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်ဟု ခံယူပြီး ကြိုးပမ်းဆောင်ရွက်သွားကြရန် တစ်ဆက်တည်းမှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းတစ်ပါးက ဖန်တီးလာသော နိုင်ငံရေး၊ စီးပွားရေး အကျပ်အတည်းများ၊ ဖိအားပေး အကျပ်ကိုင်မှုများက လွန်မြောက်အောင် ကြိုးပမ်းတွန်းလှန်ရင်း တိုင်းပြည်အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင်၊ အမျိုးသားစီးပွားရေးဘဝခိုင်မာတောင့်တင်းအောင်၊ ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည့်စုံဖူလုံအောင်၊ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းမြင့်မားအောင်၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင်၊ နယ်စပ်ဒေသ၊ ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးမှုကွာဟချက် တစ်စထက်တစ်စ ကျဉ်းမြောင်းလာစေရအောင် ပြည်သူများ၏အားကို ရယူပြီး တစိုက်မတ်မတ် ကြိုးပမ်း ဆောင်ရွက်လာခဲ့သည့်အတွက် အောင်မြင်ဖြစ်ထွန်းမှု အခြေခံကောင်းများလည်း ယနေ့ရရှိနေပြီဖြစ်ကြောင်း။

သမိုင်းကြောင်းက သက်သေပြနေ

မိမိနိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ခိုင်ခိုင်မာမာတည်ဆောက်မထားနိုင်ခဲ့လျှင် တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အခြေခံများ ရင့်ကျက်ခိုင်မာအောင် စည်းရုံးဆောင်ရွက်မထားနိုင်ခဲ့လျှင် မည်သည့်နိုင်ငံရေးစနစ်ထူထောင်သည်ဖြစ်စေ တိုင်းပြည်သည် ရေရှည်တွင် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်မည်မဟုတ်ဘူးဆိုသည်ကိုလည်း သမိုင်းကြောင်းက သက်သေပြနေပြီဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများကို အခိုင်အမာ ကြိုးပမ်းတည်ဆောက်ပေးရင်း ရရှိဖြစ်ထွန်းလာသော တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးစည်ပင်မှု၊ စည်းလုံးညီညွတ်မှု အကျိုးရလဒ်ကောင်းများကို အခြေပြုပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏ပကတိအခြေအနေမှန်များ၊ သမိုင်းပေးသင်ခန်းစာများ၊ ရှေ့အလားအလာများနှင့် ဆီလျော်ညီညွတ်သော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ယခုဆိုလျှင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ အခြေခံအကျဆုံးခြေလှမ်းဖြစ်သည့် အမျိုးသားညီလာခံကြီးသည်လည်း လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းနေပြီး မကြာမီသောကာလတွင် ဆက်လက်ကျင်းပနိုင်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း။

ကျေပွန်စွာကြိုးပမ်း

ဆရာ ဆရာမများအနေဖြင့်လည်း မိမိနိုင်ငံ၊ မိမိလူမျိုး၏အနာဂတ်ကို အမျိုးသားရေးအကျိုးစီးပွားအဖြစ်ထွန်းနိုင်ဆုံး လမ်းကြောင်းမှန်ပေါ်၌ တည့်မတ်ခိုင်မာစွာ တိုးတက်ဖြစ်ထွန်းရေး၊ စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီးအဖြစ် ကမ္ဘာတည်သရွေ့ ဥမကွဲသိုက်မပျက် အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရေးဆိုသော မွန်မြတ်မြင့်မားသည့် ရည်မှန်းချက်များထားရှိပြီး တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များနှင့်အတူ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ဖြစ်ထွန်းရေး အမျိုးသားရေးတာဝန်များကို ကျေပွန်စွာကြိုးပမ်းထမ်းဆောင်သွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့်မှာကြားလိုသည်မှာ–

- အမျိုးသားပညာရည်မြင့်မားမှုနှင့်တကွ မိမိရပ်ရွာ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးမှသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အရှိန်အဟုန်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးကဏ္ဍ၏ အမျိုးသားရေးတာဝန်များကို ကျေပွန်စွာကြိုးပမ်းထမ်းဆောင်သွားကြပါ၊
- အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်လျှောက်လှမ်းရမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်စွာ အကောင်အထည်ပေါ်ဖြစ်ထွန်းလာစေရအောင် အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ထက်သန်ခိုင်မာစွာဖြင့် ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါ

ဟု တိုက်တွန်းမှာကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် သင်တန်းသားသင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ အထက်မြန်မာပြည်ရှိ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသားသင်တန်းသူ အခြေခံပညာဆရာ ဆရာမ ၁၀၀၀တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါပတ်ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးမှူးရုံး ပဉ္စမအကြိမ် အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲဖွင့်ပွဲမန္တလေး၌ကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် တပ်ဖွဲ့ဝင်များ၏ ပဉ္စမအကြိမ်အဆို၊အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲဖွင့်ပွဲကို ဩဂုတ် ၂၈ ရက် နံနက် ၈ နာရီတွင် မန္တလေးမြို့ အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲရှိ ကဇာတ်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်၊ အကြံပေးပညာရှင်များဖြစ်ကြသော စာရေးဆရာ ဦးချစ်စံဝင်းနှင့် ဦးချစ်ဦးညို၊ ဇာတ်ညွှန်းအကယ်ဒမီ ဦးငြိမ်းမင်း၊ မန္တလေးတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ ကျောင်းအုပ်ကြီးများနှင့် တပ်မှူးများ၊ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဦးသန်းဝင်း၊ သဘင်ပညာဌာန ပါမောက္ခ ဌာနမှူး ဒေါ်နုနုခင်နှင့် ဂီတပညာဌာနကထိက ဌာနမှူး ဦးဇော်ဝင်းမင်း၊ အနုပညာဦးစီးဌာန(မန္တလေး)ဌာနခွဲမှ အကြံပေး ပညာရှင် ဦးအောင်မြင့်သန်း၊ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)နှင့် အနုပညာဦးစီးဌာန(မန္တလေး)တို့မှ အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်က အမှာစကားပြောကြားပြီး အခမ်းအနားကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ စာရေးဆရာ ဦးချစ်စံဝင်းက ဇာတ်စာ၊ ဇာတ်စကားနှင့် ဇာတ်ညွှန်းရေးသားခြင်းခေါင်းစဉ်ဖြင့် ပညာပေးဟောပြောသည်။

ထို့နောက် ပြဇာတ်ပြိုင်ပွဲများကို ဆက်လက်ကျင်းပပြီးနောက် ပြိုင်ပွဲများအပြီးတွင် စာရေးဆရာ ဦးချစ်စံဝင်း၊ ဦးချစ်ဦးညိုနှင့် ဇာတ်ညွှန်း အကယ်ဒမီ ဦးငြိမ်းမင်းတို့က ပြိုင်ပွဲဝင် ပြဇာတ်တစ်ခုချင်းနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၉

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်အတွင်းရှိ ပရိယတ္တိ စာသင်တိုက်ခြောက်တိုက် ၊ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၈တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းပွဲအခမ်းအနားများကို ယမန်နေ့မွန်းလွဲပိုင်းက အလုံမြို့နယ် ဆင်မင်းရပ်ကွက်ရှိ သာသနဟိတကာရီ ကွင်းကျောင်း ပရိယတ္တိစာသင်တိုက်နှင့် တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးတို့၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်ခြောက်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲအခမ်းအနားကိုမွန်းလွဲနာရီတွင်အလုံမြို့နယ် ဆင်မင်းရပ်ကွက်ရှိ သာသနဟိတကာရီ ကွင်းကျောင်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ကွင်းကျောင်း ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တ သုဇာတထံမှ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် ကွင်းကျောင်းပရိယတ္တိ စာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တ သုဇာတအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပရိယတ္တိ စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ ကိုယ်စားကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် မြဝင်း၊ စစ်ဦးစီးဗိုလ်မှူးကြီး(ရေ) ဗိုလ်မှူးကြီးသူရသက်ဆွေနှင့် စစ်ဦးစီးဗိုလ်မှူးကြီး (စက်မှုလက်မှု)(လေ) ဗိုလ်မှူးကြီးချန်မောင်တို့က ဆရာတော် သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သာသနာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်း၊ ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များအသင်း၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာန ဝန်ထမ်းမိသားစုများ၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန မိသားစုများ၊ မြန်မာ့သစ်လုပ်ငန်း (ရုံးချုပ်) မိသားစုများ၊ အိုကေ ဆန်ရောင်းဝယ်ရေးမှဦးငြိမ်း-ဒေါ်အုန်းကျင် မိသားစု၊ စန္ဒီပရဆေး(ဦးသိန်းမောင်)-ဒေါ်ပါးပါး မိသားစု၊ အမှတ် (၄) သစ်စက်မိသားစု၊ အလုံမြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ အလုံမြို့နယ် ပညာရေးဝန်ထမ်း မိသားစုများ၊ အလုံမြို့နယ် သမဝါယမ ဦးစီးဌာန မိသားစုများ၊ လှိုင်မြို့နယ် ဒေါ်နု ပစ္စည်းငှားလုပ်ငန်း၊ ထက်လင်းဆေးတိုက်၊ တိုင်းရင်းဆေး သမားတော်ကြီး ဦးရွှေမြမိသားစု၊ ကျော်တိုင်းရင်းဆေးလုပ်ငန်း၊ မြရတနာဆေးတိုက်၊ ဒဂုံခရီးသွားလုပ်ငန်း၊ အာရှကြီးပွားရေးနှင့် တိုးတက်ရေး သွင်းကုန်ထုတ်ကုန်၊ မြန်မာနိုင်ငံရေထွက် ပစ္စည်းထုတ်လုပ်မှုနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ဘုတ်ဆုံမ ငရုတ်သီးလုပ်ငန်း၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှတို့ အပါအဝင် အလှူရှင်များက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆွမ်းပဒေသာပင် အလှူငွေများအဖြစ် တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများက ငွေကျပ် ခြောက်သောင်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သုံးသောင်း၊ အလုံမြို့နယ်မှ ပြည်သူများနှင့် လုပ်ငန်းရှင်များက ငွေ ၁၄၈၉၄၇၅ကျပ်၊ မြန်မာပြည်သားဟော့ ကေအင်န်ကုမ္ပဏီမှ သီဟသုဓမ္မမဏိဇောတဓရ ဦးတင်ဝင်း-သီရိသုဓမ္မသီဂီ ဒေါ်စန်းဝင်းတို့က ငွေကျပ်သုံးသိန်း၊ စန္ဒီပရဆေး (ဦးသိန်းမောင်)-ဒေါ်ပါးပါး မိသားစုတို့က ငွေကျပ် ၂၂၅၅၅၀၊ ဘီတီဘီကုမ္ပဏီမှ သီဟသုဓမ္မမဏိဇောတဓရ ဦးသိုင်းဝင်း-သီဟသုဓမ္မသီဂီ ဒေါ်ငွေငွေညွန့်၊ ဝင်းရတနာ ခရီးသည်ပို့ဆောင်ရေး လုပ်ငန်း၊ ပုဂံဟိုတယ်နှင့် ပုဂံ (Super Market)မှ သီရိသုဓမ္မသီဂီ ဒေါ်အေးမြတ်နွယ်တို့က ငွေကျပ်နှစ်သိန်းစီ၊ အလုံမြို့နယ် ဝန်ထမ်းမိသားစုများက ငွေကျပ်၁၂၃၀၀၀၊ ထက်လင်းဆေးတိုက်က ငွေကျပ်တစ်သိန်း၊ ဆန်းမြန်မာကုမ္ပဏီမှ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန်တို့ကငွေကျပ်တစ်သိန်း၊ မြင့်မြတ်ဆန်စပါး ရောင်းဝယ်ရေးလုပ်ငန်းက ငွေကျပ်တစ်သိန်း၊ ဆရာငြိမ်းနှင့်သားများ ဝပ်ရှော့လုပ်ငန်းက ငွေကျပ်တစ်သိန်း၊ ဘုတ်ဆုံမငရုတ်သီး လုပ်ငန်းက ငွေကျပ်၁၁၀၀၀၀၊ ဦးနိုင်ဝင်း(ရွှေဝင်းကုမ္ပဏီ)မိသားစု၊ သမ္မတသက်န်းတိုက်မှ သီဟသုဓမ္မမဏိဇောတဓရ ဦးသန်းနိုင်-သီဟသုဓမ္မသီဂီ ဒေါ်ကြည်ကြည်ဆွေ၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့က ငွေကျပ်တစ်သိန်းစီ၊ ချမ်းမြေ့စတိုးမှ ငွေကျပ်၇၂၀၀၀၊ မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများ အသင်းက ငွေကျပ်ခြောက်သောင်း၊ အလုံမြို့နယ် ကွင်းကျောင်းနေ ဦးအရှုပ်-ဒေါ်ကျင်တီ မိသားစုက ငွေကျပ်ငါးသောင်း၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှက ငွေကျပ်လေးသောင်း၊ ယုဇနအအေးခန်းက ငွေကျပ်သုံးသောင်း၊ အလုံမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့က ငွေကျပ် နှစ်သောင်းစီ၊ ယူနိုက်တက်ဝင်းနားအင်တာနေရှင်နယ် ကုမ္ပဏီနှင့် သီဟသုဓမ္မသီဂီ ဒေါ်မြသိန်း(သား) ဦးရန်ရှင်မိသားစုတို့ကငွေကျပ် လေးသောင်းစီ၊ မြန်မာနိုင်ငံ ဆီကုန်သည်ကြီးများ အသင်းက ငွေကျပ်သုံးသောင်း၊ ဒဂုံခရီးသွား လုပ်ငန်းက ငွေကျပ်၂၁၈၀၀၊ အလုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်နှစ်သောင်း၊ မြရတနာဆေးတိုက်က ငွေကျပ်တစ်သောင်း အပါအဝင် အလှူရှင်များက အလှူငွေများကို အသီးသီး ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော် အရာရှိကြီးများက လက်ခံကြသည်။

ဆက်လက်၍ကွင်းကျောင်းပရိယတ္တိ စာသင်တိုက် ပဓာန နာယကဆရာတော်ဘဒ္ဒန္တ သုဇာတက အနုမောဒနာတရားချီးမြှင့်တော်မူပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် များအတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၈တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန် တော်၊ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် လှူဒါန်းပွဲ အခမ်းအနားကို မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ မင်္ဂလာတောင်ညွန့်မြို့နယ် အောင်မြေဗိမာန်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဓမ္မိသာရထံမှ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့် ပဲတို့ကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်စိုး၊ စစ်ဦးစီးဗိုလ်မှူးကြီး(ရေ) ဗိုလ်မှူးကြီးသူရသက်ဆွေနှင့်ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ)မှ ဒုတိယဗိုလ်မှူးကြီး သန်းဆွေတို့က ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အလှူရှင်များက ဆွမ်းပဒေသာပင်များကို လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုက ငွေကျပ်တစ်သိန်းရှစ်သောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ကိုးသောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်တို့က ငွေကျပ်သုံးသိန်း၊ ဦးတန်လျှန်ဟန် မိသားစုက ငွေကျပ် ရှစ်သိန်း၊ ဦးကျော်-ဒေါ်ငွေငွေမြင့် မိသားစု၊ ဦးသန်းဝင်း လမ်း(၄၀) ကျောက်တံတားမြို့နယ်၊ ဦးမိုက်ကယ်ညွန့်-ဒေါ်နန်းခမ်းထွေးညွန့်(တာမွေပလာဇာ)၊ ဦးသိန်းဝင်း-ဒေါ်နီ(ရွှေသံလွင်ကုမ္ပဏီ)တို့က ငွေကျပ်ငါးသိန်းစီ၊ ဒေါ်ဥမ္မာသန်း(၈၃)လမ်းက ငွေကျပ်သုံးသိန်း၊ ယုဇနပလာဇာဈေး မိသားစုက ငွေကျပ် နှစ်သိန်းရှစ်သောင်းတစ်ထောင်၊ ဦးအောင်ဝင်း-ဒေါ်ရင်မြ (စုစုကြီးမော်တော်ဆားဗစ်)၊ ဦးဝင်းကို (ပြည့်ဖြိုးအောင် ဆောက်လုပ်ရေး)နှင့် ဒေါ်မိမိစိန်(Asia Express Co., Ltd.)တို့က ငွေကျပ်နှစ်သိန်းနှစ်သောင်းစီ၊ သီရိသုဓမ္မမဏိဇောတဓရ သီဟသုဓမ္မ မဏိဇောတဓရ ဦးကျော်မင်း မိသားစု၊ ဦးသန်းထွန်း-ဒေါ်မြသွေး မိသားစု၊ ဦးစိုးဟန်လင်း (ဗိုလ်တထောင်မိသားစု)၊ ဦးခင်ဇော်-ဒေါ်ခင်ဆွေဦးမိသားစု၊ ဒေါ်နုနုငယ် (နုငယ်ဆောက်လုပ်ရေးမိသားစု)နှင့် ဦးစိုင်းအိုက်ပေါင်း-ဒေါ်နန်းစိန်မိသားစုတို့က ငွေကျပ်နှစ်သိန်းစီ၊ ဒေါ်ခင်နန်းမွန် မိသားစုက ငွေကျပ် တစ်သိန်း၊ မြန်မာနိုင်ငံ ဆန်လက်ကား ကုန်သည်များအသင်းက ငွေကျပ် တစ်သိန်းရှစ်သောင်း၊ တာမွေမြို့နယ်မှ ဟိုတယ်၊ မိုတယ်၊ အင်းများက ငွေကျပ် တစ်သိန်းခြောက်သောင်းငါးထောင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိစားသောက်ဆိုင်များက ငွေကျပ်တစ်သိန်းခြောက်သောင်း၊ ခရိုင်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် ခရိုင်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ် တစ်သိန်းငါးသောင်းစီ၊ တာမွေမြို့နယ် ပညာရေး မိသားစုက ငွေ ၁၃၅၇၀၅ ကျပ်၊ အထက(၁)တာမွေ ပညာရေး မိသားစုက ငွေကျပ်တစ်သိန်းတစ်သောင်းငါးထောင်၊ Aung Engineering Co., Ltd°၊ ဦးတင်မောင်ဝင်း(ILBC)၊ ဦးမင်းမောင်မောင် (ဆာကူရာစီးတီး)၊ မြန်မာပြည်သား သမဝါယမအသင်းစု၊ ဦးသန်းအောင်-ဒေါ်စန်းစန်းမော်၊ နိုတီဘောပင် ကုမ္ပဏီ၊ ပြည်မြန်မာ ဆောက်လုပ်ရေး၊ ရတနာရှိုး ဟိုတယ်၊ စူပါဝမ်းကုမ္ပဏီ၊ မြန်မာရွှေသရဖူ ကုမ္ပဏီ၊ Relax စားသောက်ဆိုင် (တာမွေ)နှင့် နှင်းနှင်းခိုင်ကုမ္ပဏီတို့က ငွေကျပ်တစ်သိန်းတစ်သောင်းစီ၊ ယုဇနဂါးဒင်း-ကရဝိက်နန်းတော်၊ မြို့နယ် ဆီကုန်သည်များအသင်း၊ ဦးသိန်းအောင်-ဒေါ်သန်းသန်းလှ၊ ဦးခင်အောင်-ဒေါ်ဘေဘီအုန်း၊ ဦးတင်မောင်-ဒေါ်တင်အေး၊ ဦးတင်ထွန်း-ဒေါ်ခင်မြင့်၊ အုတ်သဲကျောက် လုပ်ငန်းရှင်များ၊ ကြက်ဘဲဝက်မိသားစု၊ ဝင်းတာယာလုပ်ငန်း၊ မင်္ဂလာမွန်ဈေး မိသားစု၊ ဦးလှဝင်း၊ ဦးဖြိုးမြတ်လှိုင်နှင့် ဦးကျော်ဌေးနှင့် သီရိမင်္ဂလာတော်ဝင်တည်းခိုခန်းတို့က ငွေကျပ်တစ်သိန်းစီ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ငွေကျပ်ငါးသိန်း၊ ဦးချစ်မွေး-ဒေါ်မြင့်မြင့်ရီ မိသားစုက ငွေကျပ်သုံးသိန်း၊ စန္ဒီပရဆေးမိသားစုက ငွေကျပ်၂၂၅၀၅၀၊ ဘီတီဘီကုမ္ပဏီ၊ မြန်မာပြည်သားဟော့ ကေအင်န်ကုမ္ပဏီ၊ ဝင်းရတနာ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၊ သမ္မတသင်္ကန်းတိုက်နှင့် ပုဂံဟိုတယ်တို့က ငွေကျပ်နှစ်သိန်းစီ၊ မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများ အသင်းက ငွေကျပ်တစ်သိန်းရှစ်သောင်း၊ ဆန်းမြန်မာကုမ္ပဏီလီမိတက်က ငွေကျပ်တစ်သိန်းငါးသောင်း၊ ဘုတ်ဆုံမ ငရုတ်သီးလုပ်ငန်းကငွေကျပ်တစ်သိန်းတစ်သောင်း၊ မြင့်မြတ်ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းနှင့် ထက်လင်းဆေးတိုက်တို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် အလှူရှင်များ၏ လှူဒါန်းငွေ စုစုပေါင်းငွေ ၁၃၄၆၆၀၅၅ကျပ်တို့ကို တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်နှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြသည်။

ထို့နောက် တာမွေမြို့နယ် မင်္ဂလာသုခပါဠိတက္ကသိုလ် ကျောင်းတိုက် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နန္ဒဝံသက အနုမောဒနာ တရားချီးမြှင့်တော်မူပြီး တိုင်းမှူး၊ အဖွဲ့ဝင်များနှင့် ပရိသတ်တို့က လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တာမွေမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ပရိယတ္တိ စာသင်တိုက် ၁၈တိုက်တို့အား တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အလုံမြို့နယ် အတွင်းရှိ ပရိယတ္တိ စာသင်တိုက် ခြောက်တိုက်သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေများ စိုက်ထူလှူဒါန်းပွဲအခမ်းအနားတွင် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်း၊ စစ်ဦးစီးဗိုလ်မှူးကြီး(ရေ) ဗိုလ်မှူးကြီးသူရသက်ဆွေနှင့် စစ်ဦးစီးဗိုလ်မှူးကြီး(စက်မှုလက်မှု)(လေ) ဗိုလ်မှူးကြီးချန်မောင်တို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆားတို့ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) နဝမအကြိမ် ဘွဲ့ယူကျောင်းသားကျောင်းသူများ ပန်းချီ၊ ပန်းပုလက်ရာမွန်ပြပွဲနှင့် ဂီတသဘင် စင်တင် တင်ဆက်ပွဲကျင်းပ

ရန်ကုန် သြဂုတ် ၂၉

ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၏ ၂၀၀၄–၂၀၀၅ ပညာသင်နှစ် နဝမအကြိမ် ဘွဲ့ယူကျောင်းသား ကျောင်းသူများ၏ ပန်းချီ၊ ပန်းပု လက်ရာမွန်ပြပွဲနှင့် ဂီတသဘင်စင်တင် တင်ဆက်ပွဲအခမ်းအနားကို ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် ရှေ့နေချုပ် ဦးအေးမောင်တို့ တက်ရောက်ကြည့်ရှု အားပေးချီးမြှင့်ကြသည်။

တက်ရောက်

အခမ်းအနားသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် စိုးဝင်းမောင်၊ ယဉ်ကျေးမှုတက္ကသိုလ်များကောင်စီဝင် ဦးခင်အုန်း (ရာမည–ကိုကိုနိုင်)၊ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)ပါမောက္ခချုပ် ဦးတင်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခများ၊ ဌာနမှူးများ၊ သဘင်နှင့် ဂီတအနုပညာရှင်ကြီးများ၊ ဆရာဆရာမများ၊ ဘွဲ့ယူကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်တို့သည် သဘင်ပညာဌာနမှ ဘွဲ့ယူကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားကြသည်။

ကြည့်ရှုအားပေး

ထို့နောက်ဝန်ကြီးဗိုလ်ချုပ်ကြည်အောင်၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဧည့်သည်တော်များသည် အမျိုးသားဇာတ်ရုံ ဧည့်ကြိုခန်းမအတွင်း ခင်းကျင်းပြသထားသော ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၂၀၀၄–၂၀၀၅ခုပညာသင်နှစ် နဝမအကြိမ် ဘွဲ့ယူ ပန်းချီပညာဌာနနှင့် ပန်းပုပညာဌာနတို့မှ ကျောင်းသားကျောင်းသူများ၏ ပန်းချီ၊ ပန်းပုလက်ရာမွန်များနှင့် ဘွဲ့ယူစာတမ်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဧည့်သည်တော်များသည် အမျိုးသားဇာတ်ရုံအတွင်း ဂီတပညာဌာနနှင့် သဘင်ပညာဌာနတို့မှ ဘွဲ့ယူကျောင်းသားကျောင်းသူများ၏ ဂီတ၊ သဘင် စင်တင်ဖျော်ဖြေတင်ဆက်ကပြမှုများကို ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

ယဉ်ကျေးမှု ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ရှေ့နေချုပ် ဦးအေးမောင်နှင့် ဧည့်သည်တော်များ အမျိုးသားဇာတ်ရုံ ဧည့်ကြိုခန်းမအတွင်း ခင်းကျင်းပြသထားသော ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်) ၂၀၀၄–၂၀၀၅ ပညာသင်နှစ် နဝမအကြိမ် ဘွဲ့ယူ ပန်းချီပညာဌာနနှင့် ပန်းပုပညာဌာနတို့မှ ကျောင်းသား ကျောင်းသူများ၏ ပန်းချီလက်ရာမွန်ကို ကြည့်ရှုအားပေးကြစဉ်။ (မြန်မာ့အလင်း)

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ရှေ့နေချုပ် ဦးအေးမောင်နှင့် ဧည့်သည်တော်များ ဂီတပညာဌာနနှင့် သဘင်ပညာဌာနတို့မှ ဘွဲ့ယူကျောင်းသား ကျောင်းသူများ၏ ဂီတ၊ သဘင် စင်တင်ဖျော်ဖြေတင်ဆက်ကပြမှုများကို ကြည့်ရှုအားပေးကြစဉ်။ (မြန်မာ့အလင်း)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၄၃)ဖြန့်ချိ

ရန်ကုန် သြဂုတ် ၂၉

ဖလားဝါး နယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၄၃)တွင် ကိုကို (စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ ဒိုင်ယာရီ၊ ကမ္ဘာ့ဈေးကွက်သစ်များသို့ ပဲမျိုးစုံ တိုးချဲ့တင်ပို့သွားရန်ရှိ၊ ပုဂံ–ညောင်ဦး လေဆိပ်တွင် လေယာဉ်ကြီးများ ဆင်းသက်နိုင်မည်၊ အင်္ဂါဂြိုဟ် အနီးကပ်ဆုံး မြင်တွေ့ရသည့်ဖြစ်ရပ်ကို မြန်မာနက္ခတ်တာရာနှင့် သိပ္ပံပညာရှင်များ စူးစမ်းလေ့လာကြမည်၊ နိုင်ငံခြားသားများ သစ်ခွ ဝယ်ယူခြင်း ကင်းလွတ်ခွင့်လက်မှတ် ထုတ်ပေးနိုင်ရန် သစ်ခွအရောင်းဆိုင်များနှင့် သစ်ခွခြံများ သစ်တောဦးစီးဌာနတွင် တရားဝင် မှတ်ပုံတင်ထားရန်လို၊ Readers' Debateကဏ္ဍမှလူပျိုကြီး၊ အပျိုကြီးလုပ်တာ ကောင်းတယ်၊ မကောင်းဘူး၊ MRTV - 4 တွင် အပတ်စဉ်ထုတ်လွှင့်နေလျက်ရှိသော 5 Moviesမှ နိုင်ငံခြားဇာတ်လမ်းတွဲ အစီအစဉ်များ၊ ယခုတစ်ပတ်အတွင်း ပြသမည့် အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပွဲစဉ်များ စသည်ဖြင့် ပြည်တွင်းရေးရာ သတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ပိုလီတက္ကနစ်ဒီပလိုမာရသူများ တစ်နှစ်တည်းနှင့်ပြည်ပ မဟာသိပ္ပံဘွဲ့ကိုရနိုင်ပြီ၊ သမ္မတပူတင်၏လေယာဉ်စက်ချို့ယွင်းအပြီးတွင် ရုရှားလေယာဉ်အချို့ ပျံသန်းမှုများရပ်ဆိုင်း၊ ဂိုးသမား စတိတ်ရှိုးအကြည့်ကောင်း၍ ဘယ်လ်ဂျီယံအမျိုးသမီးအသင်း ဂိုး၅၀ပေးခဲ့ရ၊ ကျောင်းသွား ကျောင်းပြန် လမ်းလျှောက်သော ကလေး ကျန်းမာရေးအကောင်းဆုံး စသည့် နိုင်ငံတကာ မျက်မှောက်သတင်းဦး သတင်းထူးများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ အားကစားနှင့် ဖျော်ဖြေရေး ကဏ္ဍစုံလင်စွာကို e-Empire Media House ဖုန်း–၅၄၈၈၈၀ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(က–ပ)**

ချင်းတွင်းနှင့် စစ်တောင်းမြစ်ရေ သတိပေးကြေညာ

ရန်ကုန် သြဂုတ် ၂၉

ချင်းတွင်းမြစ်ရေသည်ယနေ့ နံနက် မြန်မာစံတော်ချိန် နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဟုမ္မလင်းမြို့တွင် ၂၉၄၂စင်တီမီတာသို့ရောက်ရှိနေသည်။အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှနောက် ၇၂ နာရီအတွင်း စိုးရိမ်ရေမှတ် စင်တီမီတာ ၂၉၀၀ အောက်သို့ ကျဆင်းနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၀၉၁ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် အနည်းငယ်ကျဆင်းနေသော်လည်း ယနေ့မွန်းတည့်မှနောက်၇၂ နာရီအတွင်း စိုးရိမ်ရေမှတ် စင်တီမီတာ၁၀၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။ (သတင်းစဉ်)

သံလွင်မြစ်ရေ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

ရန်ကုန် သြဂုတ် ၂၉

သံလွင်မြစ်ရေသည် ယနေ့ နံနက် မြန်မာစံတော်ချိန် နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၄၂စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း စိုးရိမ်ရေမှတ် စင်တီမီတာ၇၅၀သို့ ရောက်ရှိနိုင်သည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်

၂၉–၈–၂၀၀၅

မောင်တော	၂ ဒသမ ၆၀ လက်မ
တောင်ငူ	၂ ဒသမ ၃၂ လက်မ
ဟုမ္မလင်း	၁ ဒသမ ၄၉ လက်မ
သံတွဲ	၁ ဒသမ ၃၈ လက်မ
ဖြူ	၁ ဒသမ ၃၈ လက်မ
မိုးကုတ်	၁ ဒသမ ၃၀ လက်မ
ကျောက်တော်	၁ ဒသမ ၁၀ လက်မ
ခရမ်း	၁ ဒသမ ၁၀ လက်မ
ရွှေဘို	၀ ဒသမ ၂၄ လက်မ
ရန်ကုန်မြို့လယ်	၀ ဒသမ ၁၆ လက်မ

အထက(၅) ဗိုလ်တထောင် ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို သြဂုတ် ၂၇ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းသားကျောင်းသူများက ဆရာ ဆရာမများအား လက်အုပ်ချီမိုး ကန်တော့ကြစဉ်။ (က–ပ)

လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းဆင်း

ရန်ကုန် သြဂုတ် ၂၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့အသေးစားချေးငွေလုပ်ငန်း၏ ငွေကြေးပစ္စည်း ထိန်းသိမ်းခြင်းနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၃/၂၀၀၅) ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့အသေးစားချေးငွေလုပ်ငန်း သင်တန်းခန်းမတွင် ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး ပူးတွဲတာဝန်ထမ်းဆောင်သော အထွေထွေမန်နေဂျာ ဦးအောင်မြင့်ထွန်းက သင်တန်းဆင်း အမှာစကားပြောကြားသည်။ **(၂၅၉)**

မြန်မာနိုင်ငံအလယ်ပိုင်းမိုးပိုလာမည်

ရန်ကုန် သြဂုတ် ၂၉

လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ဧရာဝတီတိုင်း၌ နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၏ အရှေ့ဘက်မိုင် ၃၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး အနောက်–အနောက်မြောက်ဘက်သို့ ရွေ့လျားလျက်ရှိရာ ဗီယက်နမ်ကမ်းခြေကို ဖြတ်ကျော်လျက်ရှိသည်။

သြဂုတ်၃၀ရက် ညနေအထိခန့်မှန်းချက်အရ ချင်းပြည်နယ်၊ စစ်ကိုင်း တိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည် နယ်နှင့် တိုင်းတို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးပိုလာမည်ဖြစ်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း ပညာရည်ချွန် ဆုပေးအပ်ပွဲများတက်ရောက်၊ ဂုဏ်ပြုဆုများ ချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဩဂုတ် ၂၆ ရက်နံနက် ၈နာရီခွဲက မန္တလေးတိုင်း ညောင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပသော တတိယအကြိမ်မြောက် ပညာရည်ချွန်ဆုပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသော ကျောင်းသား ကျောင်းသူ ၃၃ဦးနှင့် ဂုဏ်ထူးများရရှိအောင် သင်ကြားပို့ချပေးခဲ့ကြသော ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ဆရာ ဆရာမများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ရှေးဦးစွာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ပညာရည်တိုးတက်မြင့်မားရေးဆိုင်ရာများနှင့် ပတ်သက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဂုဏ်ပြုဆုချီးမြှင့်

ဆက်လက်၍ ဗဟိုအတွင်းရေးမှူးဦးအောင်သောင်းက ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများချီးမြှင့်ရာ လေးဘာသာဂုဏ်ထူးရှင် အထက(ညောင်ဦး)မှ မောင်သက်အောင်၊ သုံးဘာသာဂုဏ်ထူးရှင်များဖြစ်ကြသည့် အထက(ငါ့သရောက်)မှ မောင်ကျော်ကိုကိုနှင့် မောင်တင်အောင်ချို၊ နှစ်ဘာသာဂုဏ်ထူးရှင်များဖြစ်ကြသည့် အထက(ညောင်ဦး)မှ မခင်ချမ်းမြေ့ကျော်၊ မောင်ချမ်းမြေ့အောင်နှင့် မောင်ဟိန်းဇော်ဦး၊ အထက(ပုဂံ)မှ မဝါဝါမွန်၊ မောင်တေဇာစိုးလင်းနှင့် မောင်ကျော်ဇင်ဦးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် အထက (ညောင်ဦး)၊ အထက(ပုဂံ)၊ အထက(တောင်ဇင်း)တို့မှ တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်ဘာသာဂုဏ်ထူးများရရှိကြသည့် ကျောင်းသားကျောင်းသူ ၂၄ဦးတို့အား မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်၊ ညောင်ဦးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တေဇ၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများရရှိအောင် သင်ကြားပို့ချပေးခဲ့ကြသော မြို့နယ်ပညာရေးမှူးအပါအဝင် အထက (ညောင်ဦး)၊ အထက(ခွဲ) (ဖလန်ကန်)၊ အထက(ပုဂံ)၊ အထက(ခွဲ) (လက်ဝဲ)၊ အထက(ခွဲ) (ကြအို)၊ အထက(ခွဲ) (စဉ့်ကူ)၊ အထက(တောင်ဇင်း)နှင့် အထက(ခွဲ) (တက်မ)တို့မှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမ စုစုပေါင်း ၄၆ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ကျောက်ပန်းတောင်းမြို့

ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် နံနက် ၁၀ နာရီခွဲတွင် မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့သို့ ရောက်ရှိပြီး ကျောက်ပန်းတောင်းမြို့နယ် အားကစားခန်းမ၌ ကျင်းပသော ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက ပညာရည် မြင့်မားတိုးတက်ရေးကိစ္စများနှင့် စပ်လျဉ်း၍ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူးဦးအောင်သောင်းက ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ရာ ရှေးဦးစွာ ငါးဘာသာ ဂုဏ်ထူးရှင်များဖြစ်ကြသော မရင်ငြိမ်းပွင့်နှင့် မောင်သူရအောင်တို့အား အပ်ချုပ်စက်တစ်လုံးစီနှင့် ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် လေးဘာသာဂုဏ်ထူးရှင်များဖြစ်ကြသော မနန်းသီရိထွန်း၊ မောင်ဇေယျာဖြိုး၊ မောင်ဝေလျှံဖြိုးမောင်၊ မောင်ဟန်စိုးလင်း၊ မောင်နေလင်း၊ မောင်နိုင်လင်းအောင်၊ မောင်ဝေယံသူနှင့် မဆွေနွယ်ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်း၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးနှင့် အလုပ်အမှုဆောင် ဦးမြင့်သိန်းတို့က သုံးဘာသာ ဂုဏ်ထူးရှင် ၁၂ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၁၆ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၃၂ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အင်းစိန် အလက(၁) မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင်၁၇ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင်အေးက သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မိသန္တာလှိုင်အား ဆုချီးမြှင့်စဉ်။ (ဝ၄၆)

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်အောင် သင်ကြားပေးခဲ့ကြသော ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမ ၄၄ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် အားကစားခန်းမ၌ ပြုလုပ်သော ပဉ္စမအကြိမ် ပညာရည်ချွန်ဆုပေးအပ်ပွဲတွင် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ငါးဘာသာ ဂုဏ်ထူးရှင် မရင်ငြိမ်းပွင့်အား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (စက်မှု-၁)

ထို့နောက် အလှူရှင်များက အလှူငွေပေးအပ်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ကျောက်ပန်းတောင်းမြို့ မြို့မရပ်ကွက်နေ ဦးသန်းဌေးမောင် မိသားစုက ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်ဒါဇင် ၁၅၀ကို ပေးအပ်လှူဒါန်းသည်။

ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားအပြီးတွင် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက ကျောက်ပန်းတောင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြသန်းသို့ အလှူငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းသည်။

အမှာစကားပြောကြား

ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် ညနေပိုင်းတွင် ဝဲလောင်အခြေခံပညာ အထက်တန်းကျောင်း ဗိုလ်ရာညွှန့်ခန်းမဆောင်၌ ကျင်းပသော ဒသမအကြိမ် ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်၍ ပညာရည်မြင့်မားတိုးတက်ရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ဝဲလောင်အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးသန်းထွန်းက ကျောင်း၏ပညာရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက ၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲတွင် နှစ်ဘာသာ ဂုဏ်ထူးရှင် မလွင်ဦးမေနှင့် တစ်ဘာသာဂုဏ်ထူးရှင် မောင်ပြည့်သာဦးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား ကျောင်းသူ များအား ဂုဏ်ထူးရရှိအောင် သင်ကြားပြသပေးသည့် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် ညနေပိုင်းတွင် ဆီမီးကန် အခြေခံပညာအထက်တန်း ကျောင်းခွဲ၌ ကျင်းပသော သတ္တမအကြိမ် ပညာရည်ချွန်ဆု ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

လက်ဆောင်ပစ္စည်းပေးအပ်

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နှစ်ဘာသာ ဂုဏ်ထူးရရှိသော မောင်ငြိမ်းဌေးဝင်းနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပို့ချပေးသော ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက ဆီမီးကန်နှင့် ရုံးတော အခြေခံပညာ အထက်တန်း ကျောင်းခွဲများရှိ ဆရာ ဆရာမများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် ညနေပိုင်းတွင် တလိုင်းရပ်ရွာသစ်အခြေခံပညာ အထက်တန်းကျောင်း ဦးအာလောက ခန်းမ၌ ကျင်းပသည့် နဝမအကြိမ် ပညာရည်ချွန်ဆုပေးအပ်ပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားပြီး ဂုဏ်ထူးရရှိသူများနှင့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချစ်သောအရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ စက်တင်ဘာ ၉ရက် ရုံဝင်မည် ချစ်ခြင်းဖွဲ့မေတ္တာဇာတ်ကား ဆက်လက်ပြသ

ရုပ်ရှင် သတင်းထောက်

ရန်ကုန် ဩဂုတ် ၂၉

သဇင်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဝတ္ထုဇာတ်ညွှန်း စိုးသိမ်းထွဋ်၊ ဒါရိုက်တာ ခင်မောင်ဦး-စိုးသိန်းထွဋ်က 'ချစ်ခြင်းဖွဲ့မေတ္တာ' ဇာတ်ကားကို ဒွေး၊ တင့်တင့်ထွန်း၊ မြတ်ကေသီအောင်၊ အိန္ဒြာကျော်ဇင်၊ ဆုပန်ထွာ၊ ခိုင်နှင်းဝေ၊ မင်းထက်ကျော်ဇင်၊ မင်းသူတို့ ပါဝင်ကာ မင်းသမီးငါးလက်ဖြင့် ထူးထူးခြားခြား ရိုက်ကူးထားသော မိသားစုမေတ္တာဖွဲ့ ဇာတ်လမ်းကောင်းတစ်ခု ဖြစ်သည်။

ချစ်ခြင်းဖွဲ့မေတ္တာ ဇာတ်ကားမှ ဒွေး၊ တင့်တင့်ထွန်းနှင့် မင်းထက်ကျော်ဇင်။

ချစ်ခြင်းဖွဲ့မေတ္တာတွင် မိဘနှစ်ပါးစလုံး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားသော မောင်နှမငါးယောက်တွင် အစ်ကိုကြီးဖြစ်သူ ကိုသြဘာ(ဒွေး)က ညီမများအား ထိန်းသိမ်းစောင့်ရှောက်လျက် ညီမတစ်ဦးချင်းစီ၏ အချစ်ရေးကိစ္စ၊ အိမ်ထောင်ရေးကိစ္စများကို အစ်ကိုကြီး အဖအရာနေရာမှ ပါဝင်စီစဉ် ဆောင်ရွက်ပေးကာ အိမ်ထောင်ကျသူအားလုံးလည်း ကိုသြဘာတို့ အိမ်တွင်ပင် စုပေါင်းနေထိုင်ကြသည်။

ညီမအငယ်ဆုံးဖြစ်သူထွေးထွေးလှိုင်မှာ မူးယစ်ဆေးဝါး၏ သားကောင် ဖြစ်သူ သူဌေးသား ဥက္ကာနှင့် ပေါင်းမိကာ မူးယစ်ဆေးဝါး သုံးစွဲသဖြင့် နောက်ဆုံး ဒုက္ခရောက်ကာ အရေးယူခံရပုံ အစ်ကိုကြီးဖြစ်သူ ကိုသြဘာနှင့် ညီမများ၏ ပြဿနာပေါင်းစုံ မိသားစုမေတ္တာဖွဲ့ ဇာတ်လမ်းကို **ချစ်ခြင်းဖွဲ့မေတ္တာ**တွင် စိတ်ဝင်စားဖွယ် ကြည့်ရှုရမည်ဖြစ်ပေသည်။ သမ္မတ၊ သွင်၊ မင်္ဂလာအဆင့်မြင့် ရုံကြီးများတွင် ဆက်လက် အောင်ပွဲခံလျက် ရှိသည်။

ရွှေဂုန်အဆင့်မြင့်ရုံ(အပေါ်ထပ်)တွင် Denyel, Russel Crawe, Helly Lunch တို့ ပါဝင်သရုပ်ဆောင်ထားသော Virtuosity သိပ္ပံအက်ရှင် သည်းထိတ်ရင်ဖို ဇာတ်ကားနှင့် ရွှေဂုန်(မြေညီထပ်)တွင် Hogi Pyaar Ki Jeet အိန္ဒိယ ဇာတ်ကား ဩဂုတ် ၂၆ ရက်မှ စတင်ပြသလျက်ရှိသည်။

တန်းမြင့်မြို့မရုံတွင် မင်းသားကြီး အမိတာဘဂျန်း ပါဝင်သရုပ်ဆောင်ထားသော Aetbaar အင်္ဂလိပ်စာတန်းထိုး အိန္ဒိယဇာတ်ကားသစ်ကြီး ဩဂုတ် ၂၆ ရက်က ရုံဝင်လာပြီး ဒါရိုက်တာ Peter Chelson ၏ Shall we Dance နိုင်ငံခြားကားသစ် စက်တင်ဘာ ၂ ရက်နေ့ နေပြည်တော်ရုံတွင် ဝင်လာမည်ဖြစ်သည်။ ။

ချစ်သော အရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ ဇာတ်ကားမှ နန္ဒာလှိုင်။

ချစ်သောအရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ

ဒါရိုက်တာ ကြည်ဖြူသျှင်၏ **ချစ်သော အရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ** ဇာတ်ကားတွင် လူမင်း၊ ရဲအောင်၊ ကျော်သူ၊ ဖြိုးငွေစိုး၊ မေသန်းနုနှင့် နန္ဒာလှိုင်တို့ ပါဝင်သရုပ်ဆောင်ထားပြီး လာမည့် စက်တင်ဘာ ၉ ရက် (သောကြာနေ့)တွင် ရုံဝင်လာမည်ဖြစ်သည်။

(မြန်မာ့အလင်း)

မန္တလေးတိုင်းဥက္ကဋ္ဌဖလား အသက်(၁၇)နှစ်အောက် အမျိုးသား ခရိုင်အလိုက် ဘောလုံးပြိုင်ပွဲဖွင့်

ရန်ကုန် ဩဂုတ် ၂၉

၂၀၀၅ ခုနှစ် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား အသက်(၁၇)နှစ်အောက် (အမျိုးသား) ခရိုင်အလိုက် ဘောလုံး ပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၂၅ ရက် ညနေ ၃ နာရီတွင် ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစားကွင်း၌ကျင်းပရာ အခမ်းအနားသို့ ပျဉ်းမနားတပ်နယ်မှ ဗိုလ်မှူးကြီး တင်ငွေနှင့် တပ်မတော်အရာရှိကြီးများ၊ ရမည်းသင်းခရိုင် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ကြည်ရှိန်နှင့် ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ လူမှုရေးအသင်း အဖွဲ့များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက် အားပေးကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌကိုယ်စား ပျဉ်းမနား တပ်နယ်မှ ဗိုလ်မှူးကြီးတင်ငွေက အမှာ စကားပြောကြားပြီး ကွင်းဖွင့်ပွဲ ပွဲစဉ် အဖြစ် အားကစားသိပ္ပံ(မန္တလေး)နှင့် မန္တလေးခရိုင်အသင်းတို့ ယှဉ်ပြိုင် ကစားကြကာ တက်ရောက်လာကြသူ များက ကြည့်ရှုအားပေးကြသည်။

ဩဂုတ် ၂၉ ရက်က အကြိမ် (၃၀)မြောက် ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲများကို အောင်ဆန်း အားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားခန်းမတွင် ကျင်းပရာ အမျိုးသား အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲတွင် (ဝဲ မှ ယာ) **တနင်္သာရီတိုင်းနှင့် ကချင်ပြည်နယ် အသင်းတို့ ယှဉ်ပြိုင်စဉ်။**

(မြန်မာ့အလင်း)

ကျင်းပမည်

အဆိုပါပြိုင်ပွဲတွင် မန္တလေးတိုင်း အတွင်းရှိ ခရိုင်ကိုယ်စားပြုအသင်း ခုနစ်သင်းနှင့်အားကစားသိပ္ပံ(မန္တလေး) အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း နှင့် အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲစဉ်များ ကို မန္တလေးမြို့၌ ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂုဏ်ပြုလွှာချီးမြှင့်

ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း၌ ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ်ဆေးခန်းအတွက် ဘောက်ထော် ပြည်သာယာဆေးရုံလမ်း အမှတ် ၃၀ နေ ဒေါက်တာအောင်နိုင်–ဒေါက်တာဖြူဖြူဝင်း (မင်္ဂလာ) မိသားစုက အလှူတော်ငွေ ကျပ်နှစ်သိန်းလှူဒါန်းရာ ရွှေပြည်ဟိန်း ဆရာ တော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

နိုင်ငံ့ဂုဏ်ဆောင် မြန်မာလူငယ်အသင်းမှ လူအေးထွေးအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သဃ်န်းကျွန်းမြို့နယ်က ကြီးမှူးကျင်းပသော ၂၀၀၅ ခုနှစ် အာဆီယံအသက်(၂၀)အောက် လူငယ်ဘောလုံး ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပထမရွှေတံဆိပ်ဆုရ မြန်မာလူငယ်လက်ရွေးစင်အသင်း ဗိုလ်စွဲအောင် အနိုင် ရွှေဂိုးသွင်းယူပေးခဲ့သော သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အသင်းဝင် နိုင်ငံ့ဂုဏ်ဆောင် တိုက်စစ်မှူး မောင်လှအေးထွေးအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီက မြို့နယ်အသင်းရုံး၌ကျင်းပရာ ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောသိန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်း ရေးမှူး ဦးခင်ဝေက မြို့နယ်အသင်းဝင်များအားလုံး၏ကိုယ်စား ဂုဏ်ပြုထိုက် သူကို ဂုဏ်ပြုချီးမြှင့်ရခြင်းနှင့်စပ်လျဉ်း၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံ့ဂုဏ်ဆောင် သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အသင်းဝင် ၂၀၀၅ ခုနှစ် အာဆီယံ အသက်(၂၀) အောက် လူငယ်ဘောလုံးပြိုင်ပွဲ တိုက်စစ်မှူး လှအေးထွေးက ပြိုင်ပွဲအတွေ့အကြုံ များနှင့် ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် မြို့နယ်အသင်း အတွင်းရေးမှူး ဦးခင်ဝေ ဦးဆောင်၍ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်ဌေးနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင် များက နိုင်ငံ့ဂုဏ်နှင့် မြို့နယ်အသင်းဂုဏ်ဆောင် ၂၀၀၅ ခုနှစ် အာဆီယံအသက် (၂၀)အောက် ဘောလုံးပြိုင်ပွဲ ရွှေဂိုးသွင်းယူပေးခဲ့သော မြန်မာ့လက်ရွေးစင် တိုက်စစ်မှူး လှအေးထွေးအား ဂုဏ်ပြုဆုငွေ ကျပ်နှစ်သိန်း ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(ဝ၅၂)**

မြန်မာလိဂ် ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ကမ္ဘောဇအသင်းဗိုလ်လုပွဲတက်

ရန်ကုန် ဩဂုတ် ၂၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် က ကြီးမှူးကျင်းပသည့် ၂၀၀၅– ၂၀၀၆ ခုနှစ် ဘောလုံးရာသီ မြန်မာ လိဂ် ကွင်းဖွင့်ဖလားဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲစဉ်ကို ယမန် နေ့ညနေ ၃ နာရီခွဲက အောင်ဆန်း အားကစားပြိုင်ကွင်း၌ ကျင်းပရာ ကမ္ဘောဇအသင်းက တံခွန်အသင်း ကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွား သည်။

ဗိုလ်လုပွဲ

ဩဂုတ် ၃၁ ရက်ညနေ ၃ နာရီ ခွဲတွင် အောင်ဆန်း အားကစားပြိုင် ကွင်း၌ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဘဏ္ဍာ/အခွန်အသင်းနှင့်ကမ္ဘောဇ အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

စာတိုက်ပုံပညာရပ်ဆိုင်ရာ ရှင်းလင်းတင်ပြ

ရန်ကုန် ဩဂုတ် ၂၉

မြန်မာနိုင်ငံ စာတိုက်ပုံအသင်းဝင် မျိုးဆက်သစ် စာတိုက်ပုံပညာရှင် ဘုန်းမြတ်ထူး၏ စာတိုက်ပုံပညာရပ်ဆိုင်ရာ ရှင်းလင်းတင်ပြပွဲကို ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဂရင်းပလာဇာပတ်ခ်ရှိုင်ရယ်ခန်းမ၌ ကျင်းပ သည်။

ကြည့်ရှု

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာတိုက်ပုံအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ တာဝန်ရှိသူများ၊ ရုပ်ရှင်အနုပညာရှင် များနှင့် စာတိုက်ပုံအနုပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စာတိုက်ပုံပညာရှင် ဘုန်းမြတ်ထူးက အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး ပရိသတ်များက ပြသထားသည့် စာတိုက်ပုံများကို ကြည့်ရှုကြသည်။ **(အောက်ပုံ)** **(မြန်မာ့အလင်း)**

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀)ဖြစ်သည်။

ကမ္ဘာတစ်လွှား အားကစား

ရှန်နေနှင့်နစ္စတယ်ရိုင်းတို့သွင်းဂိုးများဖြင့် မန်ယူနိုင်ပွဲဆက် ချာလ်တန်ကို အိမ်ကွင်း၌သုံးဂိုးပြတ်ဖြင့် မစ်ဒယ်ဘရော့တို့ရှုံး

လန်ဒန် ဩဂုတ် ၂၉

အင်္ဂလိပ်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃)လက်ကျန်နှင့် ပွဲစဉ်(၄)များကို ဩဂုတ် ၂၉ ရက်က ဆက်လက် ကစားရာ နယူးကာဆယ်နှင့် မန်ယူတို့ပွဲတွင် မန်ယူက နှစ်ဂိုး–ဂိုးမရှိဖြင့်အနိုင်ရပြီး မစ်ဒယ်ဘရော့နှင့် ချာလ်တန်တို့ ပွဲတွင် ချာလ်တန်က သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

နယူးကာဆယ်အိမ်ကွင်း၌ ကစား ရသော မန်ယူတို့ ခက်ခက်ခဲခဲကစား ခဲ့ရသည်။ အိမ်ကွင်း၌ နယူးကာဆယ် တို့ ပထမပိုင်း မန်ယူကို ခြေရည်တူ ကစားနိုင်ခဲ့သော်လည်း ဒုတိယပိုင်း တွင်မူ ကစားအားကျသွားခဲ့သည်။

မန်ယူအသင်း ဂိုးသွင်းခွင့်၁၁ကြိမ် ရရှိခဲ့ပြီး နယူးကာဆယ်က ကိုးကြိမ် ရရှိခဲ့သည်။ နယူးကာဆယ်တို့ ရရှိ သည့် အခွင့်အရေးကို ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့၍သာ ချေပဂိုးမသွင်း နိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

ပထမပိုင်း ၃၈ မိနစ်တွင် မန်ယူ တိုက်စစ်မှူး ရှိနယ်ဒို အပိုင်ကန်သွင်း ခွင့်ရသော်လည်း လွဲချော်ခဲ့သဖြင့် နစ်နာခဲ့ရသလို ၄၁ မိနစ်တွင် နယူးကာ ဆယ်တို့ မန်ယူ ဂိုးဧရိယာအစပ်မှ ပြစ်ဒဏ်ဘောရရှိသည်ကိုလည်း ဂိုး ဝင်အောင် မကန်သွင်းနိုင်ခဲ့ချေ။

မန်ယူအသင်း အကြိမ်ကြိမ် ထိုးဖောက်ကစားသော်လည်း ဂိုးရှေ့ အရောက်၌ ပျက်သွားတတ်သည်ဖြစ် ရာ ၅၇ မိနစ်တွင် မန်ယူမှ အိုရှီးရာ ဂိုးရှေ့ဖြတ်တင်ပေးလိုက်သည့် ဘော လုံးကို နစ္စတယ်ရိုင်း ခေါင်းတိုက် သွင်းယူသော်လည်း လွဲချော်ခဲ့ရသည်။

ပထမပိုင်း ဂိုးမရှိသရေပွဲဖြစ်နေပြီး ဒုတိယပိုင်း ၆၆ မိနစ်တွင် ရှန်နေက နယူးကာဆယ်နောက်ခံလူ နှစ်ဦးကြား မှကျော်ဖြတ်ပြီး မနားတမ်းကန်သွင်း ယူခဲ့သဖြင့် မန်ယူတို့ အဖွင့်ဂိုးရရှိခဲ့ ခြင်းဖြစ်သည်။ အလယ်တန်း အား နည်းနေဆဲဖြစ်သော မန်ယူ၏ ကွင်း လယ်ကစားကွက်ကို ရှေ့တန်းနှင့် နောက်တန်းတို့ အားဖြည့်ကစားခဲ့ သဖြင့် မန်ယူ တိုက်စစ်မှူးများ ပိုမို ထိုးဖောက်နိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

နယူးကာဆယ်တို့ တစ်ကြိမ် တစ်ကြိမ်မှသာ ထိုးဖောက်ကစားနိုင် ခဲ့ရာ ပွဲချိန် ၈၆ မိနစ်တွင် အလန်ရှီးရာ ခေါင်းတိုက်သွင်းသော်လည်း ဂိုးပေါက် လွဲခဲ့သည်။ ပွဲချိန်မိနစ် ၉၀ ပြည့်ပြီး ထပ်ဆောင်းပေးသည့် လေလွင့်ချိန် အတွင်း ရှန်နေ ဂိုးရှေ့သို့ဖြတ်တင် ပေးလိုက်သည့်ဘောလုံးကို နစ္စတယ် ရိုင်း တစ်ချက်ထိန်းကာ ကန်သွင်းယူ ခဲ့သဖြင့် မန်ယူတို့ နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ယခုအချိန် အထိ မန်ယူတို့ ပရီမီယာလိဂ်၌ နိုင်ပွဲ ဆက်နေသလို နယူးကာဆယ်မှာ လေးပွဲကစားပြီးချိန်အထိ တစ်ဂိုးမျှ မသွင်းနိုင်သေးဘဲ ဂိုးမရှိသရေတစ်ပွဲ တစ်မှတ်သာရရှိနေပြီး အဆင့် ၁၉ နေရာတွင် ရောက်နေသည်။

မစ်ဒယ်ဘရော့နှင့် ချာလ်တန်တို့ ပွဲတွင် အိမ်ကွင်း၌ခြေစွာသော မစ်ဒယ် ဘရော့တို့လည်း ယခုနှစ်ပရီမီယာလိဂ် ရာသီတွင် အိမ်ကွင်းတွင် တစ်ပွဲမျှ နိုင်ပွဲမရသေးချေ။ ယခုနှစ် ခြေစွမ်း တက်လာသော ချာလ်တန်တို့က ဂိုးသွင်းခွင့် အခွင့်အရေး ၁၂ ကြိမ်ရရှိ ခဲ့ပြီး ရှစ်ကြိမ်ကန်သွင်းခဲ့ရာမှ သုံးဂိုး ရရှိခဲ့သည်။

မစ်ဒယ်ဘရော့တို့က ဂိုးသွင်းခွင့် ၁၀ ကြိမ်ရရှိပြီး ခြောက်ကြိမ်ကန်သွင်း ခွင့်ရရှိခဲ့သော်လည်း တိုက်စစ်မှူးများ ဆန္ဒစောနေမှုကြောင့် ဂိုးမရရှိခြင်းဖြစ် သည်။ ချာလ်တန်အတွက် ဂိုးများကို ၃၈ မိနစ်တွင် တိုက်စစ်မှူး ရိုမီဒယ်က တစ်ဂိုး၊ ၈၁ မိနစ်တွင် ခရစ်ပါရီက တစ်ဂိုးနှင့် မိနစ် ၉၀ တွင် ဒါရန်ဘင့်က တစ်ဂိုးတို့ သွင်းယူခဲ့၍ သုံးဂိုး–ဂိုးမရှိ ဖြင့် ချာလ်တန်တို့ အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ချာလ်တန်သည် သုံးပွဲကစား သုံးပွဲ နိုင်ပြီး မစ်ဒယ်ဘရော့က လေးပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် လေးမှတ်ရရှိနေသည်။ **(အင်တာနက်)**

အောင်ပွဲခံ

အင်္ဂလိပ် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ နယူးကာဆယ်နှင့် မန်ယူတို့ပွဲတွင် ရှန်နေက မန်ယူ အတွက် အဖွင့်ဂိုးသွင်းယူပြီး နောက် အောင်ပွဲခံနေစဉ်။

(အင်တာနက်)

၁၉၅၈–၁၉၇၈ခုနှစ်အတွင်း နာမည်ကျော် လူကြိုက်များခဲ့သော

ဆရာမကြီး မဝင်းမြင့် ၏

ကိုယ်စားရုပ်သွင်

ထွက်ပြီ

ဖုန်းဆက်မှာကြားပါက စာဖတ်သူအိမ်အရောက် ပို့ဆောင်ပေးမည်။

ခနလမ်း မီဒီယာ
၀၉–၅၁၂၄၉၈၅
၀၁–၅၇၃၅၈၅ ၀၁–၅၇၂၂၇၉ Ex. 282

တိုက် ၃၊ အခန်း ၄၀၆၊ ဝေဇယန္တာအိမ်ရာ၊ သဃ်န်းကျွန်းမြို့၊ ရန်ကုန်။

ဆုချီးမြှင့်

ဇူလိုင် ၂၆ ရက်က ဇဟန်းမြို့နယ် မြို့နယ်အဆင့် ကျန်းမာရေး အဆင့်မြင့် ကျောင်း ထူထောင်ရေး ဆင့်ပွား နည်းပြသင်တန်း ဖွင့်ပွဲနှင့် ကျောင်းကျန်းမာရေး စံပြဆုပေးပွဲကို အထက (၁)ဇဟန်း မိုးဦးပန်းခန်းမ၌ ကျင်းပရာ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး စာစီစာကုံးပြိုင်ပွဲတွင် ဆုရကျောင်းသူတစ်ဦးအား မြို့နယ်ပညာရေးမှူး ဒေါ်ကြူကြူရွှေက ဆုချီးမြှင့်စဉ်။ (က–ပ)

ခေတ္တစပ်ကြောင်းလမ်းပြီးစီးခြင်း

MEPE ဓာတ်အားပေးစက်ရုံ၊ လှော်ကားနေ
ဦးနေဝင်း(လ/ထ အမှုဆောင်အင်ဂျင်နီယာ)–ဒေါ်နွဲ့ရင်(ဘဏ္ဍာရေး)တို့၏သားဦး
မောင်အောင်မြင့်နိုင်(ခ)သားကြီး
ADV Dip:in E.P Engin (U.K)B.Agri(Geo) (ခေတ္တ–စင်ကာပူ)
နှင့်
MEPE ဓာတ်အားပေးစက်ရုံ၊ မြန်အောင်မြို့နေ
ဦးလေးမြင့်[အုပ်စုမှူး(ပ)]–ဒေါ်ခင်ကြူဝင်းတို့၏သမီးဦး
မယုဇနဝင်း EGTI(MP), B.Agri(Law), MEC အလုပ်ရုံစုမှူး
တို့သည် ၂၁–၈–၂၀၀၅ရက်တွင် ဂုဏ်သရေရှိလူကြီးများနှင့် နှစ်ဖက်သောမိဘများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်မြင့်နိုင်–မယုဇနဝင်း။

M.A.E EDUCATION CENTRE

* I.E.L.T.S (4 Skills)
* Writing (For I.E.L.T.S, TOEFL, SAT.I)
* Speaking (For I.E.L.T.S, Interview)
* T.O.E.F.L
* Spoken English(Speaking & Listening)
* Basic English(Grammar, Writing, Vocabulary)

Intake : April 2006–Nov 2006

No.277, Bogyoke Aung San Rd., Rm.535, 5th Flr., Asia Plaza, Kyauktada T/S, Yangon.
Tel: 391070/391080 Ext:822, 705158

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မက/၁၄၈၃၅ မော်တော်ဆိုင်ကယ်လက်ဝယ်ရှိသူက ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူ ပျောက်ဆုံးလာပါသဖြင့် ကန့်ကွက်လိုသူများ ၁၅ရက်အတွင်း ကညန၊ခရိုင်ရုံး(သရက်)သို့ လာရောက်ဆက်သွယ်ပါရန်။ **ကညန(သရက်)။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် စ/၉၅၁၅ မော်တော်ယာဉ်လက်ဝယ်ရှိသူက ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူ ပျောက်ဆုံးလာပါသဖြင့် ကန့်ကွက်လိုသူများ ၁၅ရက်အတွင်း ကညန၊ခရိုင်ရုံး(သရက်)သို့ လာရောက်ဆက်သွယ်ပါရန်။ **ကညန(သရက်)။**

KMD (ထိပ်တန်းသော) Computer Centre

:: i-Office :: Graphics Design :: Desktop Publishing :: Email & Web Design :: Practical A+
:: Accpac Plus :: AutoCAD :: Software Engineering (Basic, Advanced, Practical Project)
:: Software Engineering :: Programming (C,C++, Java, VB.net, ASP, MS Access, Excel)
:: Software Engineering in Database and e-Commerce :: LCCI Computerised Accounting

KMD

ရှာရန်ရာနှုန်း ၈၀

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ဦးအောင်ထိန်းကျော်

Translation
အင်္ဂလိပ်စကားပြော
အင်္ဂလိပ်စာ ရေးနည်း

Ph- 09-5118403

ရနံ့သစ်

ခေတ္တစပ်ကြောင်းလမ်းပြီးစီးခြင်း

မြောင်းမြမြို့၊ ၁၁/၅ ရပ်ကွက်၊ ၁၁လမ်းနေ
ဦးဟုန်စိန်–ဒေါ်မြင့်ကြင်တို့၏သားထွေး
မောင်ကျော်နိုင်ထွန်း B.Sc (Chemistry)
နှင့်
မြင်းခြံမြို့၊ ၂၅၅/၁၃ ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ
ဦးမျိုးထွန်း(အလပြငြိမ်း)–ဒေါ်မြမြ (Chaw Su Beauty Saloon)
တို့၏တစ်ဦးတည်းသောသမီး
မဟန်မူယာထွန်း(ခ)ချောစု B.Sc (Maths)
တို့သည် ၂၈–၈–၂၀၀၅ရက်တွင် မြင်းခြံမြို့နေအိမ်၌ နှစ်ဖက်သော မိဘဆွေမျိုးများ၏ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘဆွေမျိုးများနှင့်
မောင်ကျော်နိုင်ထွန်း–မဟန်မူယာထွန်း။

ကလောစက်မှုလက်မှုသိပ္ပံကျောင်းသားကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက်အာစရိယပူဇော်ပွဲ

ကလောစက်မှုလက်မှုသိပ္ပံ ကျောင်းသားကျောင်းသူဟောင်းများ (၁၉၆၉–၁၉၉၁)၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲကို ဇာတိမြေကလောမြို့တွင် အောက်ဖော်ပြပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းဆင်းညီအစ်ကိုမောင်နှမများ မပျက်မကွက် တက်ရောက်ပူဇော်ကန်တော့ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ – ၁၃၆၇ခုနှစ် သီတင်းကျွတ်လဆန်း၁၄ရက် ၁၆–၁၀–၂၀၀၅ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် – နံနက်၈နာရီမှ ၁၂နာရီအထိ။
ကျင်းပမည့်နေရာ – ကလောဟိုတယ်၊ ကလောမြို့။

ကျေးဇူးရှင် ဆရာ ဆရာမများအား ပင်းတယ၊ ကိုလုံ၊ အင်းလေးနှင့် တောင်ကြီးဒေသများသို့ ဘုရားဖူးအစီအစဉ်များပါ ပို့ဆောင်ပေးရန်ရှိပါ၍ တက်ရောက်လိုက်ပါလိုသော ကျောင်းသားကျောင်းသူဟောင်းများ အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ ဆက်သွယ်စာရင်းပေးကြပါရန်နှင့် အလှူငွေများထည့်ဝင်ကြပါရန် နှိုးဆော်အပ်ပါသည်။

ရန်ကုန် –	**ဦးအောင်စိုး(72 M)၊**	**ဦးသိန်းဝင်း(73 C)**	
	ဖုန်း–၀၁–၅၃၄၁၅၂၊	**ဖုန်း–၀၁–၅၃၉၈၇၇**	
	ဦးညွန့်လွင်(85 M)၊	**ဒေါ်ချယ်ရီအောင်(82 C)**	
	ဖုန်း–၀၁–၇၀၉၆၂၃၊	**ဖုန်း–၀၁–၆၅၁၀၆၈**	
မန္တလေး –	**ဦးထွန်းအောင်(74 M)၊**	**ဒေါ်မြတ်မြတ်သင်း(80 C)**	**ဦးမိုးထွန်း (81 C)**
	ဖုန်း–၀၂–၆၃၀၃၆၊	**ဖုန်း–၀၂–၃၉၁၈၆**	**ဖုန်း–၀၂–၃၃၈၁၈**
ကလော/အောင်ပန်း –	**ဦးသန်းစိုး(69 M)၊**	**ဦးကျော်မင်း(80 M)၊**	**ဦးအောင်နိုင် (87 EP)**
	ဖုန်း–၀၈၁–၅၀၃၂၀၊	**ဖုန်း–၀၈၁–၅၀၁၂၀၊**	**ဖုန်း–၀၈၁–၆၀၀၃၃**

မိုးရာသီအိမ်မြေအရောင်းပွဲတော်

(၂၅.၈.၂၀၀၅ မှ ၂၅.၉.၂၀၀၅) အတွင်း

"ယုဇနဆောက်လုပ်ရေးအဖွဲ့၏မွန်မြတ်သောစေတနာ"

(လူတိုင်း လူတိုင်း တိုက်နှင့် ခြံနှင့် နေနိုင်ရမည်)

* အဆင်သင့်နေနိုင်သည့် တိုက်ခန်းသစ်များ၊ တည်ဆောက်ဆဲတိုက်ခန်းများ၊ ဆိုင်ခန်းများ၊ မြေကွက်များ၊ လုံးချင်းအိမ်များ
* လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်၊ သုဝဏ္ဏ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒဂုံတောင်/မြောက်မြို့နယ်
* တိုက်ခန်းမျိုးစုံ၊ အထပ်စုံ၊ အရွယ်စုံ HALL TYPE ၊ ROOM TYPE
* လူနေခန်းပဲလုပ်လုပ်၊ ရုံးခန်းပဲ လုပ်လုပ်၊ စီးပွားရေးပဲ လုပ်လုပ်၊ ကြိုက်တာလုပ်နိုင်သည့် အခန်းများ

ပွဲတော်ကာလအတွင်း ၁၀% မှ ၃၀% အထိ လျှော့၍ ဦးရာလူစနစ်ဖြင့် ရောင်းချပေးပါမည်

အမြတ်စွန်ကို ဝယ်ယူသူမှ ပေးရန်မလိုပါ၊ ရောင်းချသူက ပြည်တွင်းအစွန်ဦးစီးဌာနသို့ ပေးသွင်းပါမည်

တိုက်ခန်းတန်ဖိုး အနည်းဆုံး ကျပ်(၂၃)သိန်းဖြစ်ပါတယ်

အနယ်နယ်အရပ်ရပ်မှ စဉ်ဆက်မပြတ် ဝယ်ယူအားပေးသူအားလုံးကို အထူးကျေးဇူးတင်လျက်ရှိပါကြောင်း

အရောင်းဌာန – ယုဇနစင်တာ (ရုံးချုပ်)၊ တတိယထပ်၊ အမှတ် (၁၃၀) ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၅၄၀၃၄၅၊ ၅၄၀၃၄၆၊ ၅၄၀၃၄၇

မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပစေရန် အတွက် စိန်ပန်းလမ်းတစ်လျှောက်တွင် ပန်းခုံ ၁၀ ခုံ ပြုလုပ်ခြင်းနှင့် ပန်းအလှပင်များစိုက်ပျိုးခြင်းလုပ်ငန်းကို ဇူလိုင်၂၈ရက်ကမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇင်နှင့် အမှုဆောင်အရာရှိ ဦးတင်မောင်သိန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

ကျိုက်သုတ်စေတီတော် ဆေးပဒေသာန်းပူဇော်ပွဲ အလှူရှင်များ ဆက်သွယ်ပါဝင်လှူဒါန်းနိုင်

မော်လမြိုင် ဩဂုတ် ၂၆

မွန်ပြည်နယ် မော်လမြိုင်မြို့ မရမ်းကုန်းရပ်ကွက်ရှိ သမိုင်းဝင်ဆံတော်ရှင်ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ ဆေးပဒေသာန်းပူဇော်ပွဲ ကျင်းပရေးကော်မတီက ကြီးမှူး၍ ဆေးပဒေသာန်းပူဇော်ပွဲကို စက်တင်ဘာ ၂ ရက်(ဝါခေါင်လကွယ်နေ့)တွင် မော်လမြိုင်မြို့ကျိုက်သုတ်စေတီတော် ပရိဝုဏ်အတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ နှစ်စဉ်ကြွရောက်တော်မူလျက်ရှိသည့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းမှ ဆရာတော်သံဃာတော်အပါး ၄၀၀၀ ကျော်အား ဆေးမျိုးစုံ ဆက်ကပ်လှူဒါန်းကြမည်ဖြစ်သည်။

လှူဒါန်းနိုင်

အဆိုပါ လှူဒါန်းပွဲတွင် လှူဒါန်းလိုသော အလှူရှင်များသည် မော်လမြိုင်မြို့ ကျိုက်သုတ်စေတီတော်မြတ်ကြီး ဆေးပဒေသာန်းပူဇော်ရေး ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးရွှေရင်၊ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော်၊ အတွင်းရေးမှူး ဦးမေအောင်၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းကြည် ဖုန်း–၀၅၇–၂၄၆၈၀နှင့် ရန်ကုန်မြို့ ရွှေတိဂုံအနောက်ဘက်မုခ် မော်လမြိုင်အသင်းဖုန်း–၀၁–၂၅၆၁၅၇ တို့သို့ ဆက်သွယ် ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ပုသိမ်မြို့ပေါ်ရှိ ကျောင်းတိုက်များတွင် ဝါဆိုတော်မူကြသောသံဃာတော်အပါး၂၄၀၀နှင့်ကုလဝိသေသီ စာသင်တိုက်ရှိ သီလရှင်အပါး ၁၀၀ တို့အားပုသိမ်မြို့ရွှေမုဋ္ဌောဘုရားအရှေ့မုခ် ဒေါ်လှယဉ်ဓမ္မာရုံ၌ ဩဂုတ်၂၂ ရက်က ပုသိမ်မြို့ ရွှေဝတ်မှုံရပ်ကွက်နေ ဗိုလ်မှူးတင်ဖေအေး(ငြိမ်း)–ဇနီး ဒေါ်တင်တင်ဝင်၊ မြေးမမြင့်မိုရ်သိမ့်ထွင့်မိသားစုတို့က အရဏ်ဆွမ်းလောင်းလှူစဉ်။

(က–ပ)

ဩဂုတ်၁၆ရက်က ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ပျိုးဥယျာဉ်တွင်ဝန်ထမ်းများစုပေါင်း၍ ပန်းအလှပင်များ ပျိုးထောင်ခြင်းနှင့် ပျိုးအိတ်များထည့်ခြင်းကို အမှုဆောင်အရာရှိ ဦးလှဦးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးသန်းထွန်းအောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

အလိမ္မာဥယျာဉ် စာကြည့်တိုက်ဖွင့်

စဉ့်ကူး ဩဂုတ် ၂၀

စဉ့်ကူးမြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူး၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်သော အလိမ္မာဥယျာဉ် စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ်၉ရက်နံနက်၁၀နာရီက ထုံးကြီးရဲတပ်ဖွဲ့စခန်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူး ရွှေသောင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရပ်သံကျွမ်းကျင်(၃)ဦးဝင်းမောင်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စာကြည့်တိုက်ရေရှည် တည်တံ့ရေးတို့ကို ရှင်းလင်းဟောပြောသည်။

(မြို့နယ် ပြန်/ဆက်)

ကိုယ်ဝန်ဆောင်မိခင်မှ သန္ဓေသားသို့ အိပ်ချ်အိုင်ဗွီပိုးကူးစက်ခြင်းမှတားဆီးရေး

အသိပညာပေးဆွေးနွေးပွဲ ပခုက္ကူ၌ကျင်းပ

ပခုက္ကူ ဩဂုတ် ၂၅

လူထုအခြေပြုကိုယ်ဝန်ဆောင်မိခင်မှသန္ဓေသားသို့ အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခြင်းမှ ကာကွယ်တားဆီးရေး စီမံချက် အသိပညာပေး ဆွေးနွေးပွဲအခမ်းအနားကို ဩဂုတ် ၂၀ရက် နံနက် ၉နာရီက ပခုက္ကူမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးသောင်းအေးက အဖွင့်အမှာစကား ပြောကြားပြီး မကွေးတိုင်း ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကျော်လှမြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မကွေးတိုင်းခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာဦးမြင့်အောင်က ကျန်းမာရေးစောင့်ရှောက်ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အသိပေးတင်ပြ

ယင်းနောက် ကလေးသူငယ်များ စောင့်ရှောက်ရေးအဖွဲ့မှ ကျန်းမာရေး စီမံကိန်းမန်နေဂျာ ဒေါက်တာနီနီနှင့် အစီအစဉ်ညှိနှိုင်းရေးမှူး ဒေါက်တာဇော်မင်းဦးတို့က လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းအသိပေး တင်ပြကြကြောင်း သိရသည်။

(၄၁၃)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ဆုပေးအပ်ပွဲအခမ်းအနား သံဖြူဇရပ်၌ကျင်းပ

သံဖြူဇရပ် ဩဂုတ် ၂၅

သံဖြူဇရပ်မြို့နယ် ပညာရေးမှူးရုံးက ကြီးမှူးကျင်းပသော တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အခြေခံပညာအဆင့်) ဖွင့်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၁၆ ရက်က သံဖြူဇရပ်မြို့ အထက(၁) ပညာဗိမာန်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦးနှင့် မြို့နယ်အတွင်းရှိ ကျောင်းအုပ်များနှင့် ဆရာ၊ ဆရာမများ၊ မြို့နယ်ရှိ အသင်းအဖွဲ့များမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ် ပညာရေးမှူး ဦးခင်မောင်ဦးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲကိုကျင်းပရာ ပြိုင်ပွဲတွင် ဆုရသူများအား မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

(မြို့နယ် ပညာရေး)

မင်းဘူးမြို့နယ် စကုမြို့တွင် မြို့သန့်ရှင်းသာယာရေးအတွက် သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ရေမြောင်းများ တူးဖော်ခြင်းနှင့် အမှိုက်များ သိမ်းဆည်းမှု ကိုဩဂုတ် ၁၆ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးမြင့်လွင် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

ပညာပေးဆောင်ပုဒ်များ မိုင်းဆတ်မြို့မဈေး၌ချိတ်ဆွဲ

မိုင်းဆတ် ဩဂုတ် ၁၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်မြို့ မြို့မဈေးအတွင်း သန့်ရှင်းသာယာလှပရေးအတွက် ဈေးသည်များအား ဆွေးနွေးပြောကြားခြင်းနှင့် ဈေးဆိုင်တိုင်း အမှိုက်ပုံးရှိရမည်နှင့် ဈေးရောင်းလျှင် အမှိုက်မရှိရ၊အမှိုက်ရှိလျှင် ဈေးမရောင်းရ ဆောင်ပုဒ်များ ဈေးဆိုင်များတွင် ချိတ်ဆွဲ ခြင်းများကို ဩဂုတ် ၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်ဝေ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ ဈေးခေါင်း ဦးမင်းသူရနှင့် အခွန်ကောက်–၅(ဈေး) ဦးထွန်းထွန်းတို့က ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ် စည်ပင်)

ကျိုင်းတုံမြို့ သစ်တစ်ပင်တောင်အတက်လမ်းဘေးဝဲယာ တစ်လျှောက်တွင် ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ ဩဂုတ် ၆ရက်က စုပေါင်း ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးခင်ကျော် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

မြန်မာ့အသံ

၃၁–၈–၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော်(ဦးဥတ္တမသာရဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၀း၀၀ တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ ပညာရှင်အဆင့် အမျိုးသားလေ့လာရန် ဓမ္မပူဇာတေး

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စိုက်ပျိုးရေးရာပြန်ကြားလွှာ)

၁၂း၀၀ မြန်မာ့အနုသဘင် (ဆရာကြီး ဦးဂုဏ်ဘဏ်)

၁၂း၂၅ သူ့အတွေးနှင့်သူ့အရေး (အရေးကြီးတာ ပျော်ပျော်နေဖို့) (နီမာလာ)

၁၂း၃၅ တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် အမျိုးသား၊ အမျိုးသမီးလေ့လာရန် မဟာဂီတ သီချင်းကြီးများ

၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (မြန်မာတို့၏ ကာလာအတတ် ၆၄ ရပ်) (ဒေါ်စောမုံညင်း)

ညနေပိုင်း

၁၇း၀၀ တေရသမအကြိမ် (၁၃ကြိမ်) မြန်မာရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် အသက်(၁၀–၁၅) အမျိုးသားလေ့လာရန် ခေတ်ဟောင်းနှင့် ကာလပေါ်တေးများ

၁၇း၃၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ရေညှိသုပ်နှင့် ကျောက်ပွင့်သုပ်)

၁၇း၄၀ တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် အသက်(၁၅–၂၀)၊ (၁၀–၁၅)ပတ္တလားအတီး ပြိုင်ပွဲဝင်များ လေ့လာရန်စံသီချင်းများ

၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) သန်းခေါင်ယံဓမ္မအလင်းများ (သာမဏေကျော်)
(၂) ပညာ့ကြယ်ပွင့် စာစီစာကုံးများ (ဦးရဲဝေ–မြန်မာစာ)

၁၉း၁၅ "စိုးအမှုန်"သီချင်းကြီးတူရိယာအဖွဲ့ ဖျော်ဖြေခန်း

၂၀း၃၀ လပတ်မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်

ချောင်းဦးမြို့နယ်ထွေ/အုပ်ဝန်ထမ်းသားသမီးများ ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲကျင်းပ

ချောင်းဦး ဩဂုတ် ၂၉

စစ်ကိုင်းတိုင်း မုံရွာခရိုင် ချောင်းဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီက ၂၀၀၅–၂၀၀၆ခု ပညာသင်နှစ်အတွက် ဝန်ထမ်းနှင့်ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၆ ရက် နံနက်ပိုင်းက ချောင်းဦးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လက်ခံရယူ

အခမ်းအနားတွင် ချောင်းဦးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ကြီးက အမှာစကားပြောကြားပြီး ပညာသင်စရိတ်ထောက်ပံ့ငွေ စုစုပေါင်းငွေကျပ် ၃၄၄၀၀၀ကို မြို့နယ်အုပ်ချုပ်ရေးမှူး၏ဇနီး မိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌက ပေးအပ်ရာ ဝန်ထမ်းမိသားစုများကိုယ်စား ဝန်ထမ်းတစ်ဦးက လက်ခံရယူကြောင်းသိရသည်။ **(သတင်းစဉ်)**

တာမွေမြို့နယ် မင်္ဂလာသုခပါဠိ တက္ကသိုလ်ကျောင်းတိုက်အတွင်း၌ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် မိဘနှစ်ပါးအားရည်စူး၍ အမှတ် (၁၈၄) ကျိုက္ကစံလမ်းနေ ဆရာမ ဒေါ်ရွှေပု (DSP) ညီအစ်မများက အလှူငွေကျပ် ၁၆သိန်းကို ဩဂုတ် ၂၅ ရက်က ဆရာတော် ဘဒ္ဒန္တဉာဏမဉ္ဇူ သာသနဇောတိက ပဝရ ဓမ္မာစရိယ သိရောမဏိ အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် နိုင်ငံတော် ဝိနည်းဓိုရ် သီးခြား ဝိနည်းဓိုရ်ထံ ဆက်ကပ် လှူဒါန်းစဉ်။ (၁၁၅)

မြန်နှုန်းမြင့်လယ်ယာ–၁၆လက်တွန်းထွန်စက် လက်တွေ့သရုပ်ပြပွဲ ကသာမြို့နယ်၌ကျင်းပ

ကသာ ဩဂုတ် ၁၇

စက်မှုလယ်ယာ ဦးစီးဌာနမှ ထုတ်လုပ်သောမြန်နှုန်းမြင့် လယ်ယာ–၁၆ လက်တွန်း ထွန်စက် လက်တွေ့သရုပ်ပြ ရှင်းလင်းပွဲအခမ်းအနားကို ဩဂုတ် ၉ရက် နံနက် ၁၀နာရီက ကသာမြို့နယ် ပြည်သာယာကျေးရွာ လယ်သမားကြီး ဦးထွန်းမြင့်၏ လယ်မြေတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး အောင်အောင်က လယ်ယာမြေတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးနှင့် စက်ကိရိယာများ အစားထိုး ဆောင်ရွက်နိုင်ရေး အတွက်လည်း ကောင်း၊ စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်လွင်က ပြပွဲရည် ရွယ်ချက်ကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးလင်းအောင်က ရောင်းချခြင်း စနစ်ကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများ လက်တွေ့မောင်းနှင်သရုပ်ပြသရာ တောင်သူများကပါ လက်တွေ့ စမ်းသပ်မောင်းနှင်ကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ခရိုင်လုံးကျွတ် ဖွင့်လှစ်ပြီးစီးခြင်း အထိမ်းအမှတ် အခမ်းအနားကို ဩဂုတ် ၂၀ရက်က မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ရွာကြီးစံပြကျေးရွာ ရတနာစာကြည့်တိုက်၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ထွန်းဝင်းနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်အောင်ညွန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ဖြူးမြို့နယ် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်မှု၊ လမ်းဘေး ဝဲယာတစ်လျှောက် ပန်းအလှပင်များ စိုက်ပျိုးဆောင်ရွက်မှု၊ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်မှုနှင့် သားငါးတန်းတွင် ယင်လုံဆန်ခါနှင့် အဖုံးအအုပ်များဖြင့် ရောင်းချမှုတို့ကို ဩဂုတ် ၁၁ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးဦးရင်စိန် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးညွန့်က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရော်ဘာပင်များ ဂန့်ဂေါမြို့၌စိုက်ပျိုး

ဂန့်ဂေါ ဩဂုတ် ၁၈

ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဂန့်ဂေါမြို့နယ် ထယ်လော့်ရွာ ဒေသတွင် ခုတ်ထွင်ရှင်းလင်းထားသည့် မြေရိုင်း ၂ဧက၌ ရော်ဘာပင် ၄၅၀ကို ဩဂုတ် ၁ ရက်က စတင်စမ်းသပ် စိုက်ပျိုးသည်။

တိုးချဲ့စိုက်ပျိုးရန်

ထိုသို့စိုက်ပျိုးရာတွင် ရော်ဘာပင်မျိုးကို မုဒုံမြို့နယ်မှ ရယူခဲ့ပြီး လာမည့်နှစ်တွင် တိုးချဲ့စိုက်ပျိုးနိုင်ရန်နှင့် ရော်ဘာမျိုးစေ့များရရှိနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။ **(၂၇၃)**

ညောင်လေးပင်မြို့နယ် မြို့မဈေးကြီးအတွင်း သား၊ ငါးတန်းတွင် ယင်လုံဆန်ခါဖြင့် ရောင်းချနေမှုကို ဩဂုတ် ၂၃ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်နုတို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

အနေ့ယာဉ်များ စည်းကမ်းလိုက်နာရေး ကောလင်းမြို့၌ ဆွေးနွေး

ကောလင်း ဩဂုတ် ၁၈

ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကြီးမှူး၍ အနေ့ယာဉ်များ စည်းကမ်းလိုက်နာရေး ဆွေးနွေးပွဲအခမ်းအနားကို ဩဂုတ် ၁၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးခန်းမတွင် ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်နိုင်က အနေ့ယာဉ်များ စည်းကမ်းလိုက်နာရေး၊ လမ်းစည်းကမ်း ယာဉ်စည်းကမ်းကို တိတိကျကျဆောင်ရွက်ရေးနှင့် အနေ့ယာဉ်များ သတ်မှတ်ချက်အတိုင်း ပြုပြင်ရေးတို့ကို ဆွေးနွေး ပြောကြားကြောင်း သိရသည်။ **(၀၂၆)**

ကျောင်းကုန်းမြို့နယ်၌ ကျေးရွာစာကြည့်တိုက်ဖွင့် ရုပ်မြင်သံကြားနှင့် ကက်ဆက်ပေးအပ်လှူဒါန်း

ကျောင်းကုန်း ဩဂုတ် ၂၀

အရဏ်ဦး(၁) ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲ၊ ရုပ်မြင်သံကြားနှင့်ကက်ဆက်လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၁၃ရက်က ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ဂျေဒါးချောင်းကျေးရွာတွင် ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်နှင့် ကျေးရွာအဖွဲ့ဝင်(၁) ဦးလှမြင့်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဟောပြောပွဲကို ကျင်းပရာ စာကြည့်တိုက်တစ်ခု တည်ဆောက်ရန် စာအုပ်စုဆောင်းရေး၊ စာကြည့်တိုက် တာဝန်ခံထားရှိရေး၊ ရန်ပုံငွေရရှိရေး၊ စာကြည့်တိုက် အဆောက်အအုံရရှိရေးနှင့် စာဖတ်သူများတိုးပွားရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး၊ ကျေးရွာဖွံ့ဖြိုးရေးအတွက် ရုပ်မြင်သံကြားနှင့် ကက်ဆက်ကို ကျေးရွာအဖွဲ့ဝင် ဦးလှမြင့်က မြို့နယ်ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်ထံ ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

မြောင်းမြမြို့ ကျွန်းတောလမ်းဆုံတွင် မြို့စိမ်းလန်းစို ပြည်သာယာ လှပရေးအတွက် တြိဂံပုံမြေယာ ရှုခင်းအလှဆောင်ရွက်ခြင်းကို ဩဂုတ် ၁၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ (၂) ဦး တင် နိုင် အေး ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သာစည်မြို့၌ သတ်မှတ်ချိန်ပြီးစီးရန် ကတ္တရာလမ်းခင်း

သာစည် ဩဂုတ် ၂၀

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း မြို့တွင်းလမ်းများကို ကတ္တရာလမ်းများအဖြစ်သို့ အဆင့်မြှင့်၍ ဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၁၀ရက်က အမှတ်(၇)ရပ်ကွက်အတွင်းရှိ နဘဲရွှေထီးဘုရားလမ်း လမ်းအရှည် ပေ ၆၈၀၊ အကျယ် ၁၂ပေရှိသော မြေသားလမ်းမကြီးအား အဖွဲ့ရန်ပုံငွေဖြင့် ကတ္တရာခင်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်ကြိုင်က ကွင်းဆင်း၍ သတ်မှတ်ချိန်အတွင်း ပြီးစီးရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

30-8 (16).p65 1 3/26/05, 11:53 AM

စိန္တာမုနိစေတီဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည် စဥ့်ကူမြို့၌သက်န်းများ ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၈

ညောင်ဦးမြို့နယ် စဥ့်ကူမြို့ မြို့ကုန်းရပ်ကွက် စိန္တာမုနိစေတီ ဗုဒ္ဓပူဇနိယ ပွဲတော်တွင် ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀ အဖွဲ့(အင်းစိန်)က ကြီးမှူး၍ ပထမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကို စက်တင်ဘာ ၁၀ ရက်တွင် ကျင်းပမည်ဖြစ်ရာ စဥ့်ကူမြို့ပေါ်နှင့်အနီး ပတ်ဝန်းကျင်ကျေးရွာများမှ ရဟန်း၊ သာမဏေ၊ သီလရှင် ၃၁၅ပါးအား ဝါဆို သင်္ကန်းများ ဆက်ကပ်နိုင်ရန်အတွက် ဝါဆိုသင်္ကန်းများ ကျပ်ငါးသိန်းကျော်ဖိုးပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၂၆ရက်က ဗိုလ်တထောင်မြို့နယ် ၄၈လမ်း အမှတ် ၁၀၀ရှိ (စိုင်းဘုန်းထူး ဗီဒီယိုနှင့် ဓာတ်ပုံ စတူဒီယို)၌ ကျင်းပရာ အဘွား ဒေါ်ခင်မြမြအား အမှူးထား၍ ဦးစိုင်းဘုန်းထူး-ဒေါ်ဖြူဖြူညွန့်၊ သား-ဘုန်းဟိန်းချမ်း၊ ဘုန်းမြတ်ထူး၊ ဘုန်းငြိမ်းချမ်း ဗိုလ်တထောင်မြို့နယ်က သင်္ကန်း ၃၁စုံ **(ယာပုံ)** အပါအဝင် အလှူရှင် ၃၄ဦး တို့က စုစုပေါင်း သင်္ကန်းအစုံ၁၄၀နှင့် ထီး ခြောက်လက်အား ပေးအပ်လှူဒါန်းရာ ဗုဒ္ဓပူဇနိယ ဆီမီး၉၉၀၀အဖွဲ့(အင်းစိန်) အဖွဲ့နာယကဦးစိုးဝင်း (စဥ့်ကူစိုးဝင်း)၊ ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)နှင့် တာဝန်ရှိသူတို့က လက်ခံရယူကြသည်။

အဆိုပါ သင်္ကန်း၊ ထီး၊ ဖိနပ်၊ ဆေးဝါး လှူဒါန်းလိုသူများသည် စက်တင်ဘာ ၅ရက်က နောက်ဆုံး ထားပြီး ဆီမီး၉၉၀၀ အဖွဲ့ရုံး၊ စုပေါင်း ရုံးဝင်း (အင်းစိန်) ဖုန်း-၆၄၀၄၈၇၊ ၆၄၀၄၈၉ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ **(က-ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

မောင်တောခရိုင်၌ ကောက်စိုက်စွမ်းရည် ပြိုင်ပွဲကျင်းပ

မောင်တော ဩဂုတ် ၁၀

မောင်တောခရိုင်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးပြီး ခရိုင်အဆင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို ဇူလိုင် ၂၄ရက်က မောင်တောမြို့နယ် မြို့သူကြီးကျေးရွာ အုပ်စုရှိ ကော၁၀၀စံပြကွင်း၌ ကျင်းပရာ ခရိုင်အတွင်းရှိ မြို့နယ်များမှ ကောက်စိုက်အသင်းများ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက်ပြိုင်ပွဲတွင် ပထမဆုရရှိသော မောင်တောမြို့နယ်ကောက်စိုက်အသင်း၊နှစ်သိမ့်ဆု(၁)ရရှိသည့် ဘူးသီးတောင်မြို့နယ်အသင်းနှင့် နှစ်သိမ့်ဆု (၂) ရရှိသည့် တောင်ပြိုလက်ဝဲမြို့ အသင်းတို့အား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင် **(အပေါ်ပုံ)** နှင့် တာဝန်ရှိသူတို့က အသီးသီးဆုများ ပေးအပ် ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တရုတ်(တိုင်ပေ)မှ **Mr. Yu Jin Tu-Mrs. Wu Hui Chun, Ms. Ginna, Ms. Amy** တို့က အလှူငွေကျပ်နှစ်သိန်းကို ဖြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက် သဃ်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူနှင့်ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပျိုးဥယျာဉ် အတွင်း ပန်းအလှပင်များ ပြုစုပျိုးထောင်ခြင်းလုပ်ငန်း ဆောင်ရွက်ကြရာသို့ ဩဂုတ်၃ရက်က ပြည်နယ်ညွှန်ကြားရေးမှူး ဦးကြီးမြင့် ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝင်းနိုင်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

သပိတ်ကျင်း၌ တိုင်းရင်းဆေးပညာသင်တန်းဖွင့် ရည်ရွယ်ချက်နှင့်လုပ်ငန်းများရှင်းလင်း

သပိတ်ကျင်း ဩဂုတ် ၁၈

ပြင်ဦးလွင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် သပိတ်ကျင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် တိုင်းရင်းဆေးပညာ အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၀၅) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၆ရက် နံနက် ၁၀နာရီက သပိတ်ကျင်းမြို့ ရွှေဝါဝင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဒေါ်နန်းယုယုမော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီသီရှိန်နှင့် အမှုဆောင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနှင့် သင်တန်းသူ သင်တန်းသားများ တက်ရောက်ကြသည်။

ရှင်းလင်း

ထို့နောက် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒေါ်နန်းယုယုမော်က သင်တန်းဖွင့် အမှာစကား ပြောကြားပြီး ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဝင် ဒေါ်ရီရီမေက သင်တန်းရည်ရွယ်ချက်များနှင့် လုပ်ငန်းအစီအစဉ်များ ရှင်းလင်းသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသူသင်တန်းသား ၁၂၀ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

အပူခံကြက်လည်လိမ်ကာကွယ်ဆေး မြင်းကကုန်းကျေးရွာ၌ လက်တွေ့တိုက်ကျွေး

ဘိုကလေး ဩဂုတ် ၂၀

ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဒေသကြက်မွေးမြူရေး စံပြကျေးရွာဖြစ်သော မြင်းကကုန်းကျေးရွာ၌ ဩဂုတ် ၁၀ရက်က ကူးစက်ရောဂါ ကာကွယ်ရေးအတွက် အပူခံကြက်လည်လိမ် ကာကွယ်ဆေးအသုံးပြုခြင်းနှင့် တိုက်ကျွေးခြင်းလုပ်ငန်းအား ကွင်းဆင်းလက်တွေ့ ဆောင်ရွက်ခြင်း အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဦးကြည်ဝင်း တို့က လက်တွေ့အသုံးပြု ပြသပေးကြပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ကြသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းလိုက်နာရေး နောင်ချိုမြို့နယ်တွင်ပညာပေးဟောပြော

နောင်ချို ဩဂုတ် ၂၀

ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းများ လေးစားလိုက်နာရေး ဆိုင်ရာ ပညာပေးဟောပြောပွဲကို ဩဂုတ် ၁၄ရက် ည၇နာရီက နောင်ချိုမြို့ဈေးရပ်ကွက် ဓမ္မာရုံတွင် ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမောင်မောင် တက်ရောက် ဟောပြောဆွေးနွေးသည်။

ပညာပေးဟောပြော

အဆိုပါ ပညာပေးဟောပြောပွဲ၌ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတွင် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ပြစ်မှုများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြစ်မှုအကြီး၊ အသေး အပါအဝင် ဒုစရိုက်လုပ်ငန်းများ မြို့နယ်အတွင်း လုံးဝချုပ်ငြိမ်းပပျောက်ရေးအတွက် ရဲတပ်ဖွဲ့နှင့် ပြည်သူများ ပူးပေါင်း ပါဝင်သော လုပ်ငန်းစနစ်ဖြင့် ဆောင်ရွက်နေမှုနှင့် လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းများ လေးစား လိုက်နာပြီး ဘေးအန္တရာယ် ကင်းရှင်းစွာ ယာဉ်ကို မောင်းနှင်ကြရေးတို့ကို ပညာပေးဟောပြောကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နန်းဟောဝန်ပန်းခြံ

လားရှိုးမြို့သာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ နန်းဟောဝန်ပန်းခြံအတွင်း ရာသီပန်းများ စဉ်ဆက်မပြတ် ဖူးပွင့်စေရေးအတွက် ဩဂုတ်၉ရက်ကအမှုဆောင်အရာရှိ ဦးမျိုးနိုင်အောင်နှင့် လက်ထောက် အင်ဂျင်နီယာဦးကိုကိုမောင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် စည်ပင်)

နိုင်ငံတော်က မိုးနည်းရေရှားဒေသများ၌ ရေရရှိရေးလုပ်ငန်းများ စဉ်ဆက်မပြတ်တည်ဆောက်

၁၇၇ ခုမြောက် ဖောင်းကတာရေလှောင်တမံကို ဆားလင်းကြီးမြို့နယ်၌ ဖွင့်လှစ်

ကျေးရွာအုပ်စု သုံးစု၏ စိုက်ပျိုးမြေဧက ၁၅၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည်

ဒေသခံတောင်သူများ စပါးအပါအဝင် သီးနှံများ စိုက်ပျိုးလာနိုင်ပြီဖြစ်၍ ဝင်ငွေတိုးလာနိုင်

အမှာစကား ပြောကြား

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်ရှိ ဖောင်းကတာ ရေလှောင်တမံ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (လယ်ယာ/ဆည်မြောင်း)

ရန်ကုန် ဩဂုတ် ၂၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)က တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်ရှိ ဖောင်းကတာရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၈ရက် နံနက်စနာရီတွင် အဆိုပါရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ ❐

ဖောင်းကတာရေလှောင်တမံ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)က တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်အတွင်း ဆားလင်းကြီးရေလှောင်တမံ၏ မြောက်ဘက် နှစ်မိုင်ခွဲအကွာ၌ တည်ရှိပြီး ကျေးရွာအုပ်စု သုံးစု၏ စိုက်ပျိုးမြေဧက ၁၅၀၀ခန့်အတွက် အကျိုးပြုနိုင်မည့် ဖောင်းကတာချောင်းပေါ်၌ တည်ဆောက်ခဲ့သော ဖောင်းကတာရေလှောင်တမံ စီမံကိန်းမြင်ကွင်းအလှကို ဤသို့တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

မြန်မာ့အလင်း

ခေါင်းကြီး ဆောင်းပါး အညွှန်း

ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်၍ ရေရှည်တည်တံ့ခိုင်မြဲစေရန်၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်နေချိန်တွင် ပြည်တွင်းပြည်ပအဖျက်သမားများ၊ ပြည်ပအားကိုးပုဆိန်ရိုးများ၊ ကိုလိုနီလက်သစ်များ၏ မဟုတ်မမှန်လုပ်ကြံမှုများ၊ နိုင်ငံတော်ပျက်စီးစေရန် ကြံစည်မှုများ၊ အဖျက်လုပ်ရပ်များကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးသတိ၊ လုံခြုံရေးအသိ အစဉ်ထားရှိပြီး တွန်းလှန်ဖယ်ရှား။

ခေါင်းကြီး (စာ-၂)

ဘီဘီစီကိုယ်နှိုက်က လေပုပ်ချည်းထုတ်နေသောကြောင့်ဖြစ်သည်။ ဘီဘီစီအနေဖြင့် ထိုကိစ္စသည် မှားယွင်းသွားပါသည်ဟု မီဒီယာကျင့်ဝတ်နှင့်အညီ ဖြေရှင်းပေးသင့်သည်။ တောင်းပန်ဝန်ချရမည်သာဖြစ်သည်။

တက္ကသိုလ်မြတ်သူ၏ဆောင်းပါး စာ-၃၊၅